# The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်





အမှတ် (၁၀)

အောက်တိုဘာလ

၂၀၁၁ ခုနှစ်။


# ၁၀၈ ဘီလီယံ သို့



*အကျွန်ရို့ကမ္ဘာ့လူသား မိသားစုဝင်တိအတွက် လိုအပ်တေ အစားအစာ၊ အမိုးအကာ၊ ဆီးဝါး အစဟိစွာ တိကို အပြုသဖေါဆောင်စွာဖြည့်ဆည်း၊ကူညီ၊ပံ့ပိုးလားကတ်ရဖို့စွာရေ အကျွန်ရို့အားလုံးမှာ တာဝန်ဝတ္တရား ဟိကတ်ပါကြောင်းနန့် တချိန်တည်းမှာပင်......* *စာ (၉)*





*ရံဖန်ရံခါဆိုရေပိုင် ခွဲခြား ဆက်ဆံခြင်းခံကတ်ရမှု၊ ကျေးကျွန်အဖြစ် ရရက်စစက် ဖေါတ်သွင်းခံကတ်ရမှုတိလေ့ ဟိပါသိရေ။ အရှိုးယှင်းဆုံးပြောရကေ သူရို့တိရေ မိမိမှာဟိရေ လုပ်နိုင်စွမ်းပကားတိကို သိဟိခွင့်လေ့မရ၊ မိမိနိန်ထိုင်ရေပတ်ဝန်းကျင်ကို လေ့ အကျိုးပြုခွင့်မရကတ်တေ လူသားအမျိုးသမီးတိရာဖြစ်ပါရေ။ သူရို့၏သက်ဆိုင်ရာအခွင့်အရေးနန့် လုပ်ပိုင်ခွင့်တိ ........* *စာ (၁၄)*



*ဂန္ဒီကွယ်လွန်လားသော်လည်း ဂန္ဒီ၏ အကြမ်းမဖက်၊ အနုနည်းဖြင့် တိုက်ပွဲဝင်ရေးလမ်းစဉ်မှာမူ ပြဿနာရပ်များကို ငြိမ်းချမ်းစွာအဖြေပြာလိုသူ ကမ္ဘာ့လူသားများ၏ နှလုံးသားထဲတွင် အေဂုအချိန်အထိ ကိန်းဝပ်ရှင်သန်နိန်ကတ်တုန်း ......* *စာ (၁၆)*








လွန်ခရေသမိုင်းတလျှောက် ကမ္ဘာ့လူသားတိ လုပ်ခကတ်တေ မှတ်တမ်းမှတ်ရာတိ၊ အချင်းချင်းဆက်သွယ်ဆောင်ရွက်ချက်တိ၊ ရှီးသားဖြန့်ဝီမှုတိအားလုံး၏ ပမာဏစုစုပေါင်းရေ အေနိ (၂၀၁၁ ခုနှစ်) ကမ္ဘာ့လူသားတိ (၂) ရက်အတွင်းမှာလုပ်ကတ်တေ မှတ်တမ်းမှတ်ရာတိ၊ အချင်းချင်းဆက်သွယ်ဆောင်ရွက်မှုတိ၊ ရှီးသားဖြန့်ဝီမှုတိနန့်ညီမျှရေလို့သုတေသနပြုချက်တိကဆိုပါရေ။

ယင်းချင့်ရေခေတ်သစ်နည်းပညာတိုးတက်မှု၊ ကွန်ပျူတာအိန်တာနက်ကွန်ယက်တိ၏ ထည့်ဝင်မှုတိကြောင့်ဖြစ်တေပိုင် ယင်းဖြစ်တည်မှု၏ အဓိကအခရာအကျဆုံးအခြင်းအရာက တော့ကေ တရက်တခြား အဆပေါင်းများစွာတိုးပွါးလာနိန်ရေကမ္ဘာ့လူဦးရေပင်ဖြစ်ပါရေ။

ပြီးခရေ ၁၉၆၀ ခုနှစ် ကကမ္ဘာမှာ လူဦးရေ(၃)ဘီလီယံဟိပါရေ။ နောက်ထပ်အနှစ် ၅၀ အကြာ အေနိ (၂၀၁၁ခုနှစ်)မှာ ကမ္ဘာ့လူဦးရေ (၇) ဘီလီယံဟိလားပါယာ။ ဒေ ၂၀၁၁ အောက်ထိုဘာ (၃၁) ရက်နိက (၇) ဘီလီယံမြောက်လူသားကို မွီးဖွါးပြီးလားပါရေ။ ဆိုလိုစွာကဒေနှစ်ပေါင်း (၅၀) အတွင်းမှာ ကမ္ဘာ့လူဦးရေ နှစ် ဆကျော်တိုးပွါးလာခြင်းပါ။

*စာမျက်နှာ(၈)၊ ကော်လံ နှစ် သို့* →

ကျွန်းတွင်ဇမ္ဗူ

လူတွင်ရခိုင်

ကြိုင်ဘိသတင်း

ကင်းဘိအပြစ်

ချစ်သည့်အမျိုး

ကြိုးသည့်လုံ့လ

မြတ်စာဂ နှင့်

နှစ်ဝနတ်လူ

ချစ်ကြည်ဖြူသည်

နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။

*(သျှင်မဟာသီလဝံသ)*

# အယ်ဒီတာ့စကား

ကမ္ဘာ့ကုလသမဂ္ဂ၏ စာရင်းအင်းအရ ဒေအောက်တိုဘာ (၃၁) ရက်နိက အယောက် သန်းခုနစ်ထောင်မြောက် အကျွန်ရို့ လူသားမိသားစုဝင်ချေကို ကမ္ဘာ့နိန်ရာတခုခုမှာမွီးဖွါးလား ခပါရေ။ အကျွန်ရို့မိခင်ကမ္ဘာမြီကြီးရေ အေဂုဆိုကေ လူသားပေါင်းသန်း(၇) ထောင်ကျော်၏ ကောင်းမွီ၊ ဆိုးမွီအားလုံးကို ထမ်းပိုးလက်ခံထားရပြီးဗျာယ်ဖြစ်ပါရေ။ ကမ္ဘာကြီး၏အနာဂါတ်၊ အကျွန်ရို့နောက်မျိုးဆက်တိ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ အစဟိရေဗလအတန်တန်ရို့ အားကောင်းမောင်းသန်နန့် ရှင်သန်ဖြစ်တည် ကျန်လိုက်ကတ်ဖို့စွာရေ အေနိခေတ်အကျွန်ရို့အားလုံး၏ ကျင့်ကြံ၊ ကြိုးစား၊ ဖြစ်တည်၊ နိန်ထိုင်မှုတိအပေါ်မှာ ရာနှုန်းများစွာ အခြီခံ၊ တည်မှီနိန်ဖို့ဖြစ်ပါရေ။

အကျွန်ရို့တိ ဇာလောက်ထိ အမြော်အမြင်ဟိဟိလုပ်ဆောင်ကတ်တေလဲ၊ တည်ဆောက်ကတ်တေလဲ၊ ဇာသျှောင်မျိုးတိထည့်ဝင်ကတ်တေလဲ ဆိုစွာအပေါ်မှာအခြီခံပြီးနာ နောက်မျိုးဆက်တိ ခရီးဆက်ကတ်ရဖို့ဖြစ်ပါရေ။ အကျွန်ရို့ အဖိုး၊ အဖီး၊ အဖူ၊ အဇာရို့ စိုက်ခကတ်တေအချိုပင်၊ အချဉ်ပင်တိကြောင့်အေနိ အကျွန်ရို့တိ အချိုသီး၊ အချဉ်သီးတိကိုစားသုံးနိန်ကတ်ရရေ မဟုတ်ပါလား။

မြတ်စွာဖုရားသျှင်ကိုယ်တော်မြတ်ဟောကြားတော်မူခရေ တရားတော်တိထဲမှာ ပြောထားရေပိုင် အကျွန်ရို့တိရေ ကမ္ဘာပေါင်းများစွာမှာ တကမ္ဘာပြီး တကမ္ဘာဖြစ်လိုက်၊ ပျက်လိုက်နန့် သံသရာဝဲသြဃထဲမှာ ကျင်လည်နိန်ကတ်ရရေဆိုစွာရေ အေဂုနောက်ပိုင်း သုတေသနပြုတွိဟိမှုတိနန့် ပိုလို့နီးစပ်လာစွာကို တွိမြင်လာရပါယင့်။ အေဂုနောက်ပိုင်းပညာသျှင်ကြီးတိ၏ တွိဟိမှု အရ ဒေကမ္ဘာမဖြစ်တည်ခင်၊ အကျွန်ရို့ပြိုက ပျက်စီးလားခရေ၊ ပြီးခရေကမ္ဘာမှာ လူဦးရေ (၁၀၈)ဘီလီယံလောက် ဟိခပြီးကေ နည်းပညာစွာလည်း အေဂုလက်ဟိအကျွန်ရို့လူသားတိ ပိုင်ဆိုင်ထားဟိရေ နည်းပညာထက်အဆပေါင်းများစွာ သာလွန်ရေ နည်းပညာကို ပိုင်ဆိုင်ထားခ ကတ်တေလို့ဆိုပါရေ။

စောဒကတက်စရာတခုဟိစွာက ဒေကမ္ဘာမှာ (၁၀၈)ဘီလီယံလောက်လူသားတိ ဘဇောင်ပိုင် စားသောက်နိန်ထိုင်ကတ်ဖို့လဲ ဆိုရေ မိန်းခွန်းဖြစ်နိုင်ပါရေ။ လူနိန်ထိုင်မှုအစိပ်အကြဲနှုန်းကို အခြီပြုပြောကတ်ပါမေ။ အကျွန်ရို့လူသားတိအားလုံးရာ နယူးယော့မြို့မှာ နိန်ထိုင်ကတ်တေနှုန်းထားပုံစံ (လူဦးရသိပ်သည်းမှု) မျိုးနန့်ရာနိန်ထိုင်ကတ်ဖို့ဆိုကေ အေဂုကမ္ဘာကြီးမှာ ဟိရေလူ(၇)ဘီလီယံကျော်လုံးရေ အမေရိကန်ပြည်ထောင်စု၊ ပင်မနယ်မြီထဲက တက္ကဆက်ပြည်နယ် တခုတည်းထဲမှာ အားလုံးနိန်ထိုင်လို့ဖြစ်တေ လို့ ဆိုပါရေ။ ဆိုလိုစွာက အကျွန်ရို့မှာမျှော်လင့်ချက်တိ အများကြီးဟိပါသိရေ။

အကျွန်ရို့ပြိုက ကမ္ဘာထက်လူဦးရေ မပိုကေနိန်ပါတ်စီ၊ အကျွန်ရို့ အေနိကမ္ဘာမှာလည်း လူဦးရေ (၁၀၈) ဘီလီယံလောက်ထိရောက်အောင် အကျွန်ရို့ လူသားမိသားစုဝင်တိအချင်းချင်း သဟဇာတဖြစ်ဖြစ် ကျင့်ကြံ၊ နိန်ထိုင် ဖြစ်တည်လီကတ်ဖို့လား? တဆတ်ဆတ် အားလုံး အဆင်ပြေလားပါဖို့ရာ--လို့ မရဲတရဲ ယုံကြည်ဖြစ်ကတ်ပါမေ။ အချိန်က စကားပြောပါလိမ့်မေလို့ရာမယုတ်မလွန်ပြောရဖို့ထင်ပါရေ။ ၂၀၁၂ မှာ ကမ္ဘာပျက်လီဖို့ဗျာယ် ဆိုပြီးကေတောင် ရုပ်ရှင်ကားတိ ထွက်ထားရေမဟုတ်ပါလား။ ဘဇောင်ပင်ဆိုစီ ခုနစ်ဘီလီယံမြောက် လူသားမိသားစုဝင်ချေကို အမှီပြု၊ ဂုဏ်ပြုပနာ ကမ္ဘာ့လူဦးရေနန့်ဆိုင်ရေ မျက်နှာဖုံးဆောင်းပါးကို ရွီးလိုက်ပါရေ။

ကိုင် အကျွန်ရို့ ရက္ခိုင်တိလည်း ယင်း (၁၀၈) ဘီလီယံသို့အရောက်ချီတက်တေ လူသားမိသားစုဝင်တိနန့်အတူတူ ဒေကမ္ဘာကြီးထဲမှာ ဘဇောင်ပိုင်သျှောင်မျိုးရပ်တည်ပနာ၊ ပူးပေါင်းပနာ၊ ထည့်ဝင်ပနာ ချီတက်ဖြစ်ကတ်လီဖို့လဲ။ ရခိုင် ဂေါင်းဆောင်ကြီးတိ၊ ဂေါင်းဆောင်ချေတိ စဉ်းစား၊ ဆုံးဖြတ်ကတ်ပါ။

ခင်မင်မှုဖြင့်

ဦးသိန်းမောင်



*“အတွေး အခေါ်၊ အပြော အဆိုနန့် အပြုအမူ ရို့ ဟန်ချက်ညီရေခါ ‘ပျော်ရွှင်ကျေနပ်မှု’ ဖြစ်တည်စီပါရေ”*

*“မုန်းတီးခြင်း က အပြစ်ဟိပါရေ။ ချစ်ခြင်း က ပိုလို့ပင် အပြစ်ဟိပါသိရေ”*

*“ကမ္ဘာကြီးထဲမှာ ပြုပြင်ပြောင်းလဲမှုတိတို တွိချင်မြင်ချင်ကေ မင်းကိုယ်တိုင်ကိုယ့်ကိုကိုယ် အယင်ပြောင်းလဲရပါလိမ့်မေ”*

*မဟတ္တမ ဂန္ဒီ*

**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

# အောက်တိုဘာလ (October)

အောက်တိုဘာလသည် ဟိုင်းဟောင်းရောမပြက္ခဒိန်တွင်အဌမမြောက်လဖြစ်သည်။ယင်းကြောင့် လ၏အမည်ကိုလက်တိန်ဘာသာစကားအားဖြင့် 'ရှစ်' ဟု အဓိပ္ပါယ်ရသည့် 'October'မှရယူထားခြင်းဖြစ်သည်။အောက်တိုဘာသည်နှစ်တနှစ်၏ဒသမမြောက်လဖြစ်ပြီးရက်ပေါင်း(၃၁)ရက်ဟိကာရရိုင်ပြက္ခဒိန်တွင် ဝါကျွတ်လ နှင့် တိုက်ဆိုင်သောလ ဖြစ်သည်။

ကမ္ဘာ့သမိုင်း၌သမိုင်းဝင်စာတင်ခြင်းခံရသူများအနက်အောက်ဖော်ပြပါပုဂ္ဂိုလ်များကိုအောက်တိုဘာလတွင်ဖွါးမြင်ခကတ်ပါသည်–






အောက်တိုဘာ ၁၊ ၁၉၂၄ – ဂျိမ်းစ်အားရ်လ်ကာတာဂျူနီယာ(James Earl Carter, Jr.) ၃၉ယောက်မြောက်အမေရိကန်သမ္မတ

အောက်တိုဘာ ၂၊ ၁၈၆၉ – မိုဟန္ဒာစ်ဂန္ဓီ(Mohandas Gandhi) အိန္ဒိယလွတ်လပ်ရေးဂေါင်းဆောင်






အောက်တိုဘာ ၄၊ ၁၈၂၂ – ရာ့သာဖော့ဒ် ဘီ ဟာယေးစ်(Rutherford B. Hayes) ၁၉ယောက်မြောက်အမေရိကန်သမ္မတ

အောက်တိုဘာ ၅၊ ၁၈၂၉ – ချက်စတာအလန်အာသာ(Chester Alan Arthur) ၂၁ယောက်မြောက်အမေရိကန်သမ္မတ

အောက်တိုဘာ ၆၊ ၁၈၈၇ – လီကော်ဘူဆီယာ(Le Corbusier) ဆွိဇာလန်ဖွါးပြင်သစ်ဗိသုကာပညာသျှင်

အောက်တိုဘာ ၈၊ ၁၉၄၁ – ဂျက်ဆီဂျက်ဆိန်(Jesse Jackson) အာဖရိကန်–အမေရိကန်ဘာသာရေးနှင့်လူမှုအခွင့်အရေးလှုပ်သျှားမှုဂေါင်းဆောင်






အောက်တိုဘာ ၁၁၊ ၁၈၈၄ – အီလိနိုနာရူစဗဲ့(Eleanor Roosevelt) အမေရိကန်သမ္မတကတော်နှင့်သံတမန်

အောက်တိုဘာ ၁၃၊ ၁၉၂၅ – မာဂရက်သက်ချာ(Margaret Thatcher) ဂရိတ်ဗြိတိန်၏ပထမဦးဆုံးအမျိုးသမီးဝန်ကြီးချုပ်

အောက်တိုဘာ ၁၄၊ ၁၈၉၀ – ဒီဝိုက်ဒီအိုင်ဇိန်ဟောင်ဝါ(Dwight D. Eisenhower) ၃၄ယောက်မြောက်အမေရိကန်သမ္မတ






အောက်တိုဘာ ၁၅၊ နိုအာဝက်ဘ်စတာ(Noah Webster) အမေရိကန်အဘိဓါန်ပညာသျှင်

အောက်တိုဘာ ၁၅၊ ၁၈၅၄ – အိုစကာဝိုင်ဒီ(Oscar Wilde) အိုင်းရိရှ်စာရှီးဆရာ

အောက်တိုဘာ ၁၅၊ ၁၈၈၆ – ဒေးဗိဘိန်ဂူရီယန်(David Ben-Gurion) အစ္စရေးနိုင်ငံ၏ပထမဦးဆုံးဝန်ကြီးချုပ်

အောက်တိုဘာ ၁၈၊ ၁၉၁၉ – ပိုင်ရီအဲလီယော့ထရူဒူ(Pierre Elliott Trudeau) ၁၅ယောက်မြောက်ကနေဒါဝန်ကြီးချုပ်



အောက်တိုဘာ ၂၁၊ ၁၈၃၃ – အဲလ်ဖရက်နိုဗယ်(Alfred Nobel) ဒိုင်းနမိုက်ကိုတီထွင်ခသူဆွီဒိရှ်ဓါတုဗေဒပညာသျှင်နှင့်နိုဗယ်ဆုတည်ထောင်သူ



အောက်တိုဘာ ၂၂၊ ၁၈၁၁ – ဖရန့်ဇ်လိဇ်(Franz Liszt) ဟန်ဂေရီအနုပညာသျှင်

အောက်တိုဘာ ၂၃၊ ၁၉၄၀ – ပီလီ(Pele) ဘရာဇီးနွယ်ဖွါးကမ္ဘာကျော်ဘောလုံးသမား

အောက်တိုဘာ ၂၄၊ ၁၆၃၂ – အန်တွန်ဗန်လီဝန်ဟော့ခ်(Anton van Leeuwenhoek) ဒတ်ချ်ရောင်းဝယ်ရေးသမားနှင့်သိပ္ပံပညာသျှင်








အောက်တိုဘာ ၂၅၊ ၁၈၂၅ – ဂျိုဟန်စထရာ့စ်(ဂျူနီယာ)(Johann Strauss, Jr.) ဩစတြီးယန်းနွယ်ဖွါးဂျာမန်သီခြင်းရှီးဆရာ

အောက်တိုဘာ ၂၅၊ ၁၈၈၁ – ဖါဗလိုပီကာဆို(Pablo Picasso) စပိန်နွယ်ဖွါးကမ္ဘာကျော်ပန်းချီပညာသျှင်


အောက်တိုဘာ ၂၇၊ ၁၈၅၈ – သီယိုဒိုရူစဗဲ့(Theodore Roosevelt) ၂၆ယောက်မြောက်အမေရိကန်သမ္မတ




အောက်တိုဘာ ၃၀၊ ၁၇၃၅ – ဂျွှင်အဒမ်(John Adams) ဒုတိယမြောက်အမေရိကန်သမ္မတ

အောက်တိုဘာ ၃၀၊ ၁၈၂၁ – ဖီဒေါ်ဒေါ့တိုယက်စကီ(Fedor Dostoevski) ရာသျှားစာရှီးဆရာ

အောက်တိုဘာ ၃၁၊ ၁၈၈၇ – ချန်ကိုင်ရှိုက်(Chiang Kai-shek) တရုတ်နိုင်ငံရေးနှင့်စစ်ရေးဂေါင်းဆောင်

| | | | | |
|---|---|---|---|---|
|  |  |  | |  |
| အောက်တိုဘာ ၄၊<br>လွတ်လပ်ရေးနိ<br>လီဆိုသို | အောက်တိုဘာ ၂၁၊<br>တော်လှန်ရေးနိ<br>ဆိုမာလီယာ | အောက်တိုဘာ ၂၉၊<br>သမ္မတနိုင်ငံနိ<br>တူရကီ | အောက်တိုဘာ ၃၁<br>UNICEF Day ယူနီဆက်ဖ်နိ | အောက်တိုဘာလ၏<br>ဒုတိယတနလ်ာနိ<br>ကိုလံဘတ်နိ |



## ပဉ္စာမြို့ခေတ်မင်းများ

(အေဒီ ၈၁၈ မှ အေဒီ ၁၁၀၃ ထိ)

၁။ ခေတ္တသင်
၂။ စန္ဒသင်
၃။ မင်းသင်ဖြူ
၄။ နာဂသူရိယ
၅။ သူရိယရာဇာ
၆။ ပုဏ္ဏက
၇။ မင်းကြီးဖြူ
၈။ စည်သဘင်
၉။ မင်းနု
၁၀။ မင်းလာတော်
၁၁။ မင်းကုလား
၁၂။ မင်းဘီလူး
၁၃။ ဝရောင်းငှက်အသင်္ချာ
၁၄။ မင်းဘုန်းသန်
၁၅။ မင်းမတ်



## အောက်တိုဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁– ကျန်းမာရေးပြုစုစောင့်ရှောက်မှု၏ အစိတ်အပိုင်းတရပ်အဖြစ် ထောပတ်၊ ပီဇာ၊ အသားနှင့် နို့ကဲသို့သောလူများအား ဝဖီးစီသည့်အစားအစာများအပေါ် အခွန်အခများတိုးမြှင့်လိုက်ကြောင်းဖြင့် ဒိန်းမာ့အစိုးရမှ ကြေ်ငြာလိုက်သည့်အတွက် ဒိန်းမာ့သည် အဆီစာများအပေါ်တွင်ပထမဦးဆုံး အခွန်တိုးကောက်သည့်နိုင်ငံဖြစ်လာသည်။

၂– ဆီးရီးယားတွင် သမ္မတ ဘာဆာအာဆာ့ အားဆန့်ကျင်သူများအားလုံးပူးပေါင်းကာ တပ်ဦးအဖြစ်ဖွဲ့စည်းလိုက်ကတ်သည်။

၃– သက္ကရာဇ်၂၀၄၀ တွင်သတင်းစာများထုတ်ဝေမှုအားလုံးရပ်တန့်ကာ ဒီဂျီတယ်နည်းပညာဖြင့်သာ ထုတ်လုပ်ကတ်ဖို့ဗျာယ်ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အကြီးတမ်းအရာဟိ သုံးသပ်သူတဦးမှဆိုသည်။

၄– အာသျှတိုက်၏အကြီးဆုံးသောနောက်ဆုံးပေါ်နည်းပညာပြပွဲတရပ်ကိုဂျပန်နိုင်ငံတွင်းကျင်းပပြုလုပ်သည်။

၅– ဆန္ဒပြသမားများအားပစ်ခတ်သတ်ဖြတ်မှုများအတွက် ဆီးရီးယားအစိုးရအားဒဏ်ခတ်အရေးယူရန် အဆိုကို ကမ္ဘာ့ကုလသမဂ္ဂတွင် တင်သွင်းမှုပြုလုပ်ရာ တရုတ်နှင့်ရာသျှားနိုင်ငံများမှဗီတိုအာဏာဖြင့်ပါယ်ချလိုက်ကတ်သည်။

၆– ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို နှင့် ဗီယက်နမ်နိုင်ငံများတွင် ရီကြီးမှုများဖြစ်ပွါးရာ ကောက်ပဲသီးနှံခင်းများပျက်စီးလားသည့်အတွက် အစားအစာဈေးနှုန်းများ တက်လာဖွယ်ဟိသည်ဟု ဆိုသည်။

၇– ပြီးခသည့်စက်တမ်ဘာလအတွင်းတွင် အမေရိကန်ပြည်ထောင်စု၌ အလုပ်အကိုင်သစ်ပေါင်း ၁၀၃၀၀၀ (တသိန်းသုံးသောင်း) ရဟိခကတ်ကြောင်း၊ (သို့သော်) အလုပ်မဟိသူ ဦးရေမှာလည်း ၉.၁ ရာနှုန်းတွင် ဆက်လက်တည်ဟိနိန်တုန်း ဖြစ်ကြောင်းဖြင့်ဆိုသည်။

၈– ဗမာပြည်တွင်စာပီလွတ်လပ်မှုဟိသင့်ကြောင်းနှင့် စာပီစိစစ်ရေး (ဆိန်ဆာ) အဖွဲ့ကို ဖျက်သိမ်းပစ်သင့်ကြောင်း စာပီစိစစ်ရေးညွှန်ကြားရေးမှူးဖြစ်သူက ပြောဆိုလိုက်သည်ဟု ဆိုသည်။

၉– လာမည့် ရက်ပိုင်းအတွင်းတွင် သူသည် ရာထူးမှဆင်းပီးလားမည်ဖြစ်ကြောင်းဖြင့် ယီမိန် သမ္မတ အလီအဘဒူလာ ဆာလား မှနိုင်ငံပိုင်ရုပ်မြင်သံကြားမှတဆင့် ပြောဆိုလိုက်သည်။

## ၂၀၁၁ ခုနှစ် နိုဗယ်ငြိမ်းချမ်းရေးဆုသျှင်များ



အောက္ကနှစ်အတွက်နိုဗယ်ငြိမ်းချမ်းရေးဆုကို အာဖရိကတိုက်နှင့်အရှိအလယ်ပိုင်းမှအမျိုးသမီး(၃)ဦးရို့ ပူးတွဲရဟိလားကတ်ကြောင်း နိုဗယ်ဖေါင်ဒေးသျှန်းမှထုတ်ပြန်သည့်သတင်းတွင်ဖေါ်ပြထားသည်။ အဆိုပါနိုဗယ်ငြိမ်းချမ်းရေးဆုသျှင်များမှာ လိုင်ဘေးရီးယား သမ္မတ အာလန်ဂျွှင်ဆင်ဆာလိဖ် (Ellen Johnson Sirleaf)၊ အခြားလိုင်ဘေးရီးယားသူတဦးဖြစ်သူ လေးမားဂျီဘိုးဝီ(Leymah Gbowee) နှင့် ယီမိန်သူတာဝါကူကာမန်(Tawakul Karman)ရို့ဖြစ်ကတ်သည်။ ကမ္ဘာ့လူထုလူတန်းစားအသီးသီး၊ လူမှုဝန်းကျင်အသီးသီး၌ အမျိုးသမီးများအနိန်ဖြင့် အမျိုးသားများနှင့် တန်းတူညည်တူအခွင့်အရေးနှင့်သြဇာညောင်းမှုများ မဟိလာမချင်း ဒီမိုခရေစီနှင့် ရှိရှည်တည်တံ့သည့်ငြိမ်းချမ်းရေးအခြိခံများကိုတည်ဆောက်ရန်မှာ မဖြစ်နိုင်ကြောင်းနိုဗယ်ဆုကော်မတီ၏ဥက္ကဌ ထော်ဘာဂျွင်ဂျာဂလန် (Thorbjorn Jagland) မှအော်စလိုမြို့တော်တွင် ပြောဆိုလိုက်သည်။ (၁၄) နှစ်ကြာပြည်တွင်းစစ်အားပြီးဆုံးစီပြီး နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်မှုအတွက် လိုင်ဘေးရီးယားသမ္မတ ဆာလိဖ်အားလည်းကောင်း၊ ပြည်တွင်းစစ်ဆန့်ကျင်ရေးကိုဦးဆောင်စည်းရုံးလို့ဆော်ပြီးအမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်ပါက်သက်မှု၊ ပိုမိုလုပ်ဆောင်မှုများဟိလာစီရေးကြိုးပမ်းမှုများအတွက်လိုင်ဘေးရီးယားသူ လေးမားဂျီဘိုးဝီအားလည်းကောင်း၊ အာဏာသျှင်သမ္မတ အဘဒူလာဆာလား ကို ရာထူးမှ ဆင်းပီးရန်နှင့် ဒီမိုခရေစီနည်းကျငြိမ်းချမ်းစွာဆန္ဒပြမှုကိုဦးဆောင်ပြီး နိုင်ငံတွင်းတွင် အမျိုးသမီးများ၏ အခွင့်အရေးများပိုမိုရဟိလာအောင် ဆောင်ရွက်မှုများအတွက် ယီမိန်မှစာနယ်ဇင်းသမဖြစ်သူ ကာမန်အားလည်းကောင်း နိုဗယ်ငြိမ်းချမ်းရေးဆုကို အသီးသီးပူးတွဲပီးအပ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

*(ဘီဘီစီ၊ အောက်တိုဘာ ၇)*

# အောက်တိုဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၉– ကိန်မရူမ်း၏ သမ္မတရွေးကောက်ပွဲတွင် မဲဆန္ဒခံစခန်းများ၏ နောက်ကျပြီးဖွင့်ခြင်းများကြောင့်လည်းကောင်း၊ အချို့စခန်းများ လုံးဝ မဖွင့်ခြင်းကြောင့်လည်းကောင်း ဆန္ဒခံယူပွဲမှာကြွံကြာမှုများဟိသည်ဟု ဆိုသည်။

၁၀– ပိုလန်နိုင်ငံ ရွေးကောက်ပွဲတွင် ကြားနိန်ရေးဝါဒီ (Centralists) များသည် ဒုတိယအကြိမ်အဖြစ် အနိုင်ရဟိလားသည်။

၁၀– လိဗျားတွင် ကြားဖြတ်အစိုးရတပ်ဖွဲ့များသည် ဂဒါဖီ၏ ဒေသခံမြို့သို့ ချီတက်နိန်ကတ်ဗျာယ်ဖြစ်သည်။

၁၁– ယူကရိန်းနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း Yulia Tymoshenko အား အာဏာအလွဲသုံးစား ပြုလုပ်မှုဖြင့် ယူကရိန်းတရားရုံးချုပ်မှ ထောင်ဒဏ်(၇)နှစ် ချမှတ်လိုက်သည်။

၁၂– အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးပေါက်ကွဲမှု ၂ ခုဖြစ်ပွါးရာ အနည်းဆုံးလူ ၂၃ ဦးခန့် သီဆုံးလားသည်ဟုဆိုသည်။

၁၂– တရုတ်၏ ငွေကြေးဆိုင်ရာစိုးမိုးမှုကိုကာကွယ်ရန် အမေရီကန်လွှတ်တော်မှ မဲခွဲဆုံးဖြတ်မှုကို ‘ချိန်ကိုက်ဗုံး’ ဖြစ်ကြောင်းဖြင့်တရုတ်မှဒေါသတကြီးတုန့်ပြန်လိုက်သည်။

၁၃– အိန်ဒိုနီးသျှားနိုင်ငံ ဘာလီကျွန်းတွင် လျှေင်တရပ် ပြင်းထန်စွာလှုပ်ခတ်လားသည်။

၁၄– နာမည်ဆိုးဖြင့်ကျော်ကြားသည့် Lord's Resistance Army နှင့် တိုက်ခိုက်ရာတွင် ဒေသခံတပ်ဖွဲ့များအား ကူညီရန်အလို့ငှါ အမေရီကန်တပ်ဖွဲ့ဝင် (၁၀၀) အား ယူဂန္ဒာနိုင်ငံသို့ ပို့လွှတ်လိုက်ကြောင်း အမေရီကန်သမ္မတအိုဘားမား မှဆိုသည်။

၁၅– ပြင်သစ်အိုးဖန်းထန်းနိစ်၂၀၁၁၏ ချန်ပီယံ တရုတ်ထန်းနိစ်မယ် လီနာ သည် *“အနောက်သို့လား၍ဘဇောင်အနိုင်ယူမည်”*စာအုပ်ကိုရွှီးသားနိန်သည်ဟုဆိုသည်။

၁၆– Occupy Wall Street ဆန္ဒပြသမားများ ဆက်လက် ဆန္ဒပြနိန်ကတ်ရာ နယူးယောခ့်မြို့တွင် ဖမ်းဆီးမှုများဖြစ်ပွါးသည်။

## ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုင်နယ်ပွဲစဉ်သို့ တက်ရောက်ဖူးသည့် နိုင်ငံဘောလုံးအသင်းများ

*(သက်ဆိုင်ရာပွဲစဉ်များအတွင်းရဟိခကတ်သည့် ဂိုးများကိုနိုင်ငံအသီးသီး၏နောက်တွင် ဂဏန်းများနှင့်ပူးတဲဖေါ်ပြထားပါသည်။)*

**၁၉၆၆ --- အိန်ဂလန် ၄ – အနောက်ဂျာမဏီ ၂**

**၁၉၇၀ --- ဘရာဇီး ၄ – အီတလီ ၁**

**၁၉၇၄ --- အနောက်ဂျာမဏီ ၂ – ဟော်လန် ၁**

**၁၉၇၈ --- အာဂျိန်ထီးနား ၃ – ဟော်လန် ၁**

**၁၉၈၂ --- အီတလီ ၃ – အနောက်ဂျာမဏီ ၁**

**၁၉၈၆ --- အာဂျိန်ထီးနား ၃ – အနောက်ဂျာမဏီ ၂**

**၁၉၉၀ --- အနောက်ဂျာမဏီ ၁ – အာဂျိန်ထီးနား ၀**

**၁၉၉၄ --- ဘရာဇီး ၀ – အီတလီ ၀ (ပယ်နယ်တီ ၃–၂)**

**၁၉၉၈ --- ပြင်သစ် ၃ – ဘရာဇီး ၀**

**၂၀၀၂ --- ဘရာဇီး ၂ – ဂျာမဏီ ၀**

**၂၀၀၆ --- အီတလီ ၁ – ပြင်သစ် ၁ (ပယ်နယ်တီ ၅–၃)**

**၂၀၁၀ --- စပိန် ၁ – ဟော်လန် ၀**




*Source: BBC*



**ကွန်ပျူတာဆိုင်ရာ**

**အတိုကောက်ဝေါဟာရများ**

**CD-R**—compact disc-recordable

**CD-ROM**—compact disc read-only memory

**CD-RW**—compact disc-rewritable

**CE**—computer engineering

**CEECS**—Certified Electronic Evidence Collection Speciali8st

**CEO**—Chief Executive Officer

**CERT/CC**—Computer Emergency Response Team Coordination Center

**CES**—Consumer Electronics Show

**CF**—CompactFlash

**CFCE**—Certified Forensic Computer Examiner

**CFO**—Chief Financial Officer

**CGI**—Common Gateway Interface

**CIFI**—Certified Information Forensics Investigator

**CIM**—computer-integrated manufacturing

**CIO**—chief information officer

**CIPA**—Children's Internet Protection Act

**CIS**—computer information systems

**CISSP**—Certified Information Systems Secutiry Professional

**CIW**—Certified Internet Webmaster

(Source: Discovering Computers 2008 / Shelly, Cashman, Vermaat)

***သိထားသင့်သော အင်္ဂလိပ်ဘာသာအတိုကောက်များ***

***(အယင်လမှ အဆက်)***

**M.D.**-Doctor of Medicine

ဆီးဖက်ဆိုင်ရာဆရာဝန်

**med.**- medical; medicine

ဆီးဝါး၊ဆီးဝါးဆိုင်ရာ

**mfg.,** manuf.-manufacturing

ကုန်ချောထုတ်လုပ်မှု/ခြင်း

**mgr.**-manager

မန်နေဂျာ

**MIA**-missing in action

(အရေး)အခင်းထဲတွင်ပျောက်ဆုံး နိန်ခြင်း/ သူ

**min.**-minimum; minute(s)

(ဖြစ်နိုင်ခြီ) အနည်းဆုံးပမာဏ၊ မိနိ / များ(အချိန်)

**misc.**- miscellaneous

အထွေထွေ၊ ထွေရာလေးပါး။

**mo.**-month(s)

လ များ

**M.O.**-modus operandi (Latin, "method of operation"); mail order; money order

စာပို့လွှာ၊ ငွေပို့လွှာ (လက်တိန်ဘာသာ မှ ဆင်းသက်သည်။)

**MP**-military police

စစ်(ဖက်ဆိုင်ရာ)ပုလိပ်

**M.P.**-member of Parliament

ပြည်သူ့လွှတ်တော်အမတ်

***ဆက်လက်ဖေါ်ပြလားပါမည်။***

## အောက်တိုဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၇– နစ်နိုင်ငံအကျဉ်းသားဖလှယ်ရေးအစီအစဉ်၏အစိတ်အပိုင်းတရပ်အဖြစ်ပါလက်စတိုင်းထောင်သားတထောင်နှင့်အစ္စရေးစစ်သည်တယောက်ရှိ့ကိုအေနိတွင်အသီးသီးလွှတ်ပီးလိုက်ကတ်ကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၁၇– ဆိုဒီသံတမန်အားအီရန်နောက်ခံသူများမှအမေရီကန်၌ လုပ်ကြံရန်ကြံစည်ကြောင်းသတင်းသည်အီရတ်မှအဖျက်လက်နက်ကြီးများသတင်းကဲသို့ မှားယွင်းသောသတင်းတရပ်သာဖြစ်ကြောင်း အီရန်သမ္မတမှ ပြောဆိုလိုက်သည်။

၁၈– လာမည့်ရက်ပေါင်း ၂၈၀ တွင် ကျင်းပလားမည်ဖြစ်သည့် လန်ဒန်အိုလံပိပွဲတော်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှအားကဇါပ်သမားများ ပါဝင်လားကတ်မည်ဖြစ်ရာ ယင်းမှာအိုလံပိစံချိန်ချိုးမှု တခုပင်ဖြစ်သည်ဟု ဆိုသည်။

၁၉– ဥရောပတိုက်နိုင်ငံများတွင်ကြွှီးမြီထူပြားမှုများ ဟိနိန်လင့်ကစား ဥရောပ၏စီးပွါးရေးထိပ်သီးနိုင်ငံ ဖြစ်သည့် ဂျာမဏီ၏စီးပွါးရေးသည် လာမည့်နှစ်တွင်လည်း တိုးတက်မှုများဟိမည်ဖြစ်ကြောင်း သုံးသပ်ခန့်မှန်းမှုများက ဆိုသည်။

၁၉– ဂရိနိုင်ငံတွင် ပုလိပ်နှင့်ဆန္ဒပြသူများကြား ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွါးသည်။

၂၀– လိဗျားတွင် တင်းမာခုခံနိန်သည့် ဂဒါဖီအားဖမ်းဆီးရမိပြီး သေနတ်သမားတဦးမှ ပစ်သတ်လားသည်။

၂၁– (၉) နှစ်နီးပါးကြာမြင့်ပြီးနောက် အမေရီကန်တပ်အားလုံးသည် အီရတ်နိုင်ငံမှ ပြန်လာဖို့ဗျာယ်ဖြစ်ကြောင်း အမေရီကန်သမ္မတ အိုဘားမား မှ ပြောဆိုလိုက်သည်။

၂၂– အမေရီကန်ခနေသဟာယနယ်မြီများတွင် အပါအဝင်ဖြစ်သည့် မြောက်မာရီယားနားကျွန်းစုများကို စစ်ရေးဆိုင်ရာရည်ရွယ်ချက်အတွက် မဟုတ်ပါက တရုတ်ပြည်သို့ငှါးရမ်းလားမည်ဖြစ်ကြောင်းဖြင့် ဆိုသည်။

၂၃– အချေမွီးဖွါးရန် တနှစ်ထက်တနှစ် များပြားစွာလာရောက်နိန်ကတ်သည့် တရုတ်ပြည်မ မှ ကိုယ်ဝန်ဆောင်မိခင်များအား ကန့်ကွက်ထောက်ပြသည့်အနိန်ဖြင့် ဟောင်ကောင်တွင် (ကိုယ်ဝန်ဆောင်များအပါအဝင်) လူတထောင်ကျော်ခန့် ဆန္ဒပြကတ်သည်ဟု ဆိုသည်။

၂၃– ဗမာပြည်အလယ်ပိုင်းတွင်ရီကြီးသဖြင့်လူ (၁၀၀) ကျော်သီဆုံးလားကြောင်းဖြင့် သတင်းများတွင်ဖေါ်ပြသည်။

## ထာဂျ်မဟာလ် (Taj Mahal)



ကမ္ဘာ့အံ့ဖွယ်ခုနစ်သွယ်ထဲတွင်ပါဝင်သည့် ထာဂျ်မဟာလ် (Taj Mahal) အဆောက်အဦးသည်အိန္ဒိယနိုင်ငံ၊ယမုံနာ (Yamuna) မြစ်နား၊ အဂ္ဂရာ (Agra) မြို့တွင်တည်ဟိပြီး မဂိုအိန်ပါယာသျှင်တဦးဖြစ်ခသည့်သျှားဂျဟန် (Shah Jahan) မှတည်ဆောက်ခ ခြင်းဖြစ်ပါသည်။ သျှားဂျဟန်သည် သူ၏ချစ်လှစွာသောမိဖုရားအာဂျူနန်ဘာနုဘီဂင်(Arjunand Banu Begun)အားရည်စူး၊တည်ထားသည့် ယင်းအဆောက်အဦးကို မိဖုရားကြီးဆုံးပါးလားသည့် ၁၆၃၁ ခုနှစ်တွင်စတင်တည်ဆောက်ခပြီး(၂၂)နှစ်အကြာ ၁၆၅၃ ခုနှစ်တွင်ပြီးစီးသည်။ ထာဂျ်မဟာလ်၏ အဓိပ္ပါယ်မှာ (ရွှိနန်းသျှင် – crown of the palace) ဖြစ်ပြီး အဆိုပါ အဆောက်အဦးသည် အိန္ဒိယအခြီစိုက် မဂိုအိန်ပါယာခေတ်ဗိသုကာလက်ရာများအနက် အကြီးကျယ်ဆုံးလက်ရာမြောက်အဆောက်အဦးဖြစ်သည်ဟုဆိုပါသည်။

*(Source: Grolier: Encyclopedia of Knowledge; Vol. 18*

*Webster's New Explorer; Desk Encyclopedia)*

## အောက်တိုဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၃- ဗြိတိသျှဘုရင်မအဲလိဇဘက်သည် ဩစတြေးလျားမြို့တော် ခ်မ်ဘာရာ ဟိ ခရိယံဖုရားကျောင်းသို့ တက်ရောက်ရာ၊ ရာပေါင်းများစွာသောပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

၂၃- ချော့ကလက်သည် ဂျပန်တွင်လူကြိုက်များသည့် ပိုင်ဇရာတမျိုး ဖြစ်လာနိုင်သည်ဟုဆိုသည်။

၂၄- တရုတ်ပြည်တွင်ဒေသဆိုင်ရာ အရာဟိများသည် သက်ဆိုင်ရာဒေသတွင်းရွေးကောက်ပွဲများ၌ အွင်လိုင်း မှ တဆင့် မဲဆွယ်နိုင်ကြသည်ဟု ဆိုသည်။

၂၅- အာရပ်ကမ္ဘာ၏ လွတ်လပ်မှုတိုက်ပွဲများဆင်နွဲဖြစ်တည်မှုသည် ကမ္ဘာတလွှားမှ အာဏာသျှင်များ၊ ဖိနှိပ်အုပ်စိုးသူ အစိုးရများအတွက် ရင်လေးဖွယ်ဖြစ်လာနိုင်ကြောင်းနှင့် ပြည်သူများ၏ လွတ်မြောက်မှုအတွက် စံပြသဖွယ် ဖြစ်လာနိုင်သည်ဟု ဆိုသည်။

၂၆- အာဂျင်တီးနား ရီတပ်ဗိုလ်ချုပ်ကြီးဟောင်း Alfredo Astiz အား သူစစ်ဖက်တာဝန်များ ထမ်းဆောင်နိုင်ချိန်က အင်အားသုံးနှိပ်စက်ညှင်းပမ်းမှုများအတွက် ထောင်ဒဏ်တသက် ချမှတ်လိုက်သည်။

၂၇- လိဗျားတွင် ဂဒါဖီအားသေနတ်ဖြင့်ပစ်သတ်သူအား တရားရုံးတင်စစ်ဆေးမှု ပြုလုပ်လာမည်ဟုဆိုသည်။

၂၈- အာဏာသျှင်သမ္မတဟောင်း မားကို့စ်၏ ကတော် ပိုင်ဆိုင်သည့်တရားမဝင် ပိုင်ဆိုင်မှုအချို့အား နိုင်ငံပိုင်သိမ်းဆည်းလာမည်ဖြစ်ကြောင်းဖြင့် ဖိလိပိုင်အစိုးရမှ ဆိုသည်။

၂၉- လိဗျားတွင်ဂဒါဖီ၏သားလက်နက်ချအပြီး နေတိုးတပ်ဖွဲ့အနိမ်ဖြင့် သူရို့၏လိဗျားစစ်ဆင်ရေးကို အပြီးသတ်ရန်ဆုံးဖြတ်လိုက်သည်ဟု ဆိုသည်။

၃၀- တောင်ဆူဒန်နိုင်ငံတွင် ရီနံသိုက်ကြွယ်ဝသည့် တောင်ပိုင်းဒေသ၌ အစိုးရတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့တဖွဲ့ ရို့ကြား တိုက်ခိုက်မှုဖြစ်ပွါးရာ လူ(၈၀)ခန့်သီဆုံးလာပြီး သီဆုံးသူများအထဲတွင် သူပုန်(၆၀)ခန့်ပါဝင်သည်ဟုဆိုသည်။

၃၁- ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်ဖြစ်စီရေး အဆိုတင်သွင်းမှုကို ယူနက်စကို (UNESCO) တွင် မဲခွဲရာ အနိုင်ရဟိသည်။



"နှင်းလည်းဝီဝီ၊ မိုးမြီမှိုင်းဆင်
နီရှင်ရှင်တည်း"

*"ပန်းရှိကြာ၊ မိုးစီပန်း
နှင်းပန်းရှိလျှော်၊ သာနိုးခေါ်သည်
ကံ့ကော်နာရီပန်းနှင့်"*

"ပန်းနှင်းဆီ၊ ပန်းအင်ကြင်း
ပုန်းညက်ရှိတူ၊ မဥ္စူပန်းခပင်းရို့"

*"တောင်ညာစံနှင့်ထိုက်တန်ငြားကေ
သားကောင်းရတနာ၊ ရ ရာမှုဖြင့်
ဆုကိုသာလျှင်၊ နှင်းပါလိမ့်မည်
သင်ဒေဝီမှာ၊ ကျင့်သီလနှင့်
ညီမျှစီ"*

"ဆောင်းမအုပ် ပဲ၊ နှင်းပွဲထိုခါ
မိုးမှာမမှန်၊ ရွာဟန်ပေါက်ပြ
ဖြစ်လတ်ကမူ"

*"ဤအသွင်ကို၊ စီရင်ကုံးကေ
ပန်းကုံးသျှင်က၊ နှင်နှင်ကရ
မဟုတ်လုပါ"*

"ဗီဇနာသမုတ်၊ မျိုးဆွီယုတ်သား
ဖြစ်ငြားနှင်နှင်၊ သုံးကျိပ်စင်ဟု"

## မိသျှီဂန်ရီအိုင်ကြီး (Lake Michigan)




မိသျှီဂန်ရီအိုင်(Lake Michigan)သည်မဟာရီကန်(Great Lakes) ငါးခုအနက်အမေရီကန်ပြည်ထောင်စု၏နယ်နိမိတ်ထဲတွင်တည်ဟိသည့်တခုတည်းသောရီအိုင်ကြီးဖြစ်ပါသည်။ မိသျှီဂန်အိုင် သည်အနောက်ဖက်တွင်ဝိန်စကွင်ဆိန်ပြည်နယ်၊မြောက်ဖက်နှင့်အရှိဖက်တွင်မိသျှီဂန် ပြည်နယ်၊အနောက်တောင်ဖက်တွင်အီလီနွိုက်ပြည်နယ်၊ အရှိတောင်ဖက်တွင်အိန္ဒီယားနားပြည်နယ်များနှင့်နယ်နိမိတ်ချင်းထိစပ်တည်ဟိသည်။အလျား ၃၂၁မိုင်(၅၁၇ခီလိုမီတာ)၊အကျယ် ၁၁၈မိုင်(၁၉၀ ခီလိုမီတာ)ဟိသည့်ယင်းအိုင်၏ရီမျက်နှာပြင်ရီယာမှာ ၂၂၃၀၀ စတုရန်းမိုင်(၅၇၇၅၀ စတုရန်းခီလိုမီတာ)ဟိပြီးရီအနက်ဆုံးနိန်ရာ၌အနက် ၉၂၃ ပေ(၂၈၁ မီတာ)ဟိသည်။ အိုင်၏မြောက်ဖက်တွင်မက်ကီနော့(Straits of Mackinac)ရီလက်ကြားကိုဖြတ်လျှက် ဟူရွန်(Huron)အိုင်ထဲသို့ စီးဝင် ဆက်စပ်မိလားသည်။ မိသျှီဂန်အိုင်ထဲသို့စီးဝင်သည့် မြစ်များအနက် မန်နီစတီ(Manistee)၊ ပီရီမာခီ(Pere Marquette)၊ မြစ်ဖြူ(White)၊ မူစကေဂွန်(Muskegon)၊ ဂရန်း(Grand)၊ ကလာမာဇူး(Kalamazoo)၊ စိန့်ဂျိုးဇက်(ပ)(St. Joseph)၊ ဖောက်စ်(Fox)၊ မေနိုမီနီး(Menominee) နှင့် ဒက်စ်ပလိန်း(Des Plaines) မြစ်ရို့ အပါအဝင် ဖြစ်ကတ်ပါသည်။ မိသျှီဂန် အိုင်နားစပ်မှ အရေးကြီးသည့် အမေရီကန်မြို့ကြီးများထဲတွင် ရှီကာဂို(Chicago)၊ ဂယ်ရီ(Gary)၊ ဂရိန်းဘေး(Green Bay) နှင့် မိဝါ့ကီ(Milwaukee) မြို့များ ပါဝင်ပါသည်။

*(Source: Grolier: Encyclopedia of Knowledge; Vol. 12) (Webster's New Explorer; Desk Encyclopedia)*




**"လူ့အခွင့်အရေးကိုအမေရိကန်ကဖန်တီးခဲ့တာမဟုတ်ပါ၊ အခြေအနေအကြောင်းကြောင်း၏ရှုဒေါင့်စုံအမြင်တို၊ အတွေ့အကြုံတို့ကြောင့် အမေရိကန်မှာလူ့အခွင့်အရေးပေါ်ပေါက်ဖြစ်ခဲ့တာပါ"**


**"ဂလိုဘလိုင်ဇေးရှင်း–ဆိုတာအကျွန်ရှိတိုပိုင်ချမ်းသာရေး(လူ့အဖွဲ့အစည်းက) လူတိုပြောကြကကောင်းပြောလို့ကောင်းတာမနား။ အိန်တာနက်၊လက်ကိုင်ဖုန်း၊ ကွန်ပျူတာ။ ကမ္ဘာ့လူဦးရေ၃ပုံ၂ပုံအတွက် ယင်းတို၏အကျိုးသက်ရောက်မှုတိုမဟိကတ်ပါသိ"**

**"အကျွန်တရင်းတနီး၊ အားမနာတမ်းပြောလိုက်ပါမေ လူမျိုးအချင်းချင်းခွဲခြားဆက်ဆံရေခေတ်ကုန်လားဖျာယ်ဆိုတာကိုပါ"**

**"သင်ရေစာလည်းလုံးဝမတတ်၊ ဝင်ငွီလည်းတရက်မှာ(၁)ဒေါ်လာလောက်ရာဟိရေလို့ဆိုကေ 'ဂလိုဘလိုင်ဇေးရှင်း' ဆိုတာကို သင်သိစရာအကြောင်းတခုလည်းမဟိ"**

***ဂျိမ်မီကာတာ***

စာမျက်နှာ (၁၃) ရှစဗဲ့ မှ အဆက်



*(Rushmore တောင်ထက်တွင် Gutzon Borglum ထုဆစ်ခသည့် အမေရိကား၏ လေးစားအသိအမှတ်ပြုဖွယ် သမ္မတလေးဦး၏ မျက်နှာပုံများအနက် လက်ဝဲမှလက်ယာသို့ အစဉ်အတိုင်းရှိတွက်လျှင် တတိယမြောက် မှာ သမ္မတကြီး သီယိုဒိုရှစဗဲ့ ပင် ဖြစ်ပါသည်။)*

၁၉၀၅ခုနှစ်တွင် ရာသျှားနှင့်ဂျပန်ကြားဖြစ်ပွါးသည့်စစ်ပွဲအား အမေရိကန်သမ္မတသီယိုဒိုရှစဗဲ့၏ ကြားဝင်ဖျန်ဖြီမှုဖြင့်အဆုံးသတ်စီခ ရာ ၁၉၀၆ခုနှစ်တွင် ရှစဗဲ့သည် နိုဗယ်ငြိမ်းချမ်းရေးဆုကိုလည်း လက်ခံရဟိခလီသည်။ ၁၉၀၉ခုနှစ်တွင် သမ္မတတာဝန်မှအငြိမ်းစားယူပြီးနောက်ပိုင်း၌လည်းသီယိုဒိုရှစဗဲ့သည်အမေရိကန် အရေးအရာများ၊ကမ္ဘာ့အရေးအခင်းများစွာတွင်ဩဇာတက္ကိမ ဟိစွာပါဝင်ဆောင်ရွက်မှုများ၊ စာအုပ်များဆက်လက်ရှီးသားခြင်များကိုလုပ်ဆောင်ယက်ပင်း၁၉၁၉ခုနှစ်၊ ဂျန်နဝါရီလ(၆)ရက်နိတွင် အဖျားရောဂါဖြင့်ကွယ်လွန်အနိစ္စရောက်လားပါလီသည်။

**ရှစဗဲ့ ရှီးသားခသည့် စာအုပ်များတွင်**

**The Naval War of 1812 (1882)**

**The Winning of the West (4 vols., 1889-96)**

**African Game Trails (1910)**

**Autobiography (1913)**

**America and the World War (1915)**

**ရှိ ပါဝင်ကတ်ပါသည်။**

မောင်ဦးသိန်းမောင်

◆ ◆ ◆ ◆

***ကျမ်းကိုး***

Webster's New Explorer Desk Encyclopedia (Stevens, Mark A.)

GROLIER Encyclopedia of Knowledge (Vol. 13, 16, 18)

www.nobelprize.org

http://en.wikipedia.org/wiki/Alfred_Nobel

Mahatma Gandhi by Nicholson, Michael

Mohandas Gandhi by Mary and Furbee, Mike

http://www.margaretthatcher.org/

http://www.spartacus.schoolnet.co.uk/COLDthatcher.htm

*မျက်နှာဖုံးဆောင်းပါးမှ*

တနည်းအားဖြင့် အထက်မှာတင်ပြခ ရေ လူသားချင်းဆက်သွယ်ချက်တို၊ မှတ်တမ်းနန့်ဖြန့်ဝီမှုတိုရေ အယင်သမိုင်းတလျှောက်ဟိခရေ ပမာဏကိုအောဂု(၂)ရက်တည်းမှာ လုပ်ပစ်ကတ်ကေပိုင်–အယင်သမိုင်းတလျှောက်ဟိ ခ ရေ လူဦးရေ အချိုးအစားကို အောဂုဆယ်နှစ်အတွင်းမှာ ဖြည့်ဆည်း၊ ဖြစ်တည်လာရေ သဖေါသဘာဝ ကို လည်း တွိမြင်ကတ်ရဖို့ဖြစ်ပါရေ။

ယင်းသျှောင်မျိုး အဆမတန် သိပ်သိပ်သည်းသည်းတိုးပွါးလာရေ ကမ္ဘာ့လူဦးရေနန့်ပါက်သက်လို့ အပေါင်းလက္ခဏာတခုကတော့ကေ ယင်းတိုးပွါးလာရေ လူဦးရေနန့် လိုက်လျောညီထွေဖြစ်နိူင်ရေ စားသုံးကုန်နန့် အခြားလူသုံးပစ္စည်းတိကို အောနိကမ္ဘာ့လူသားတိကယျေဘူယျအားဖြင့် လုံလုံလောက်လောက် ထုတ်လုပ်နိူင်စွမ်းဟိရေလို့ဆိုပါရေ။ ယေကေလည်းဒေကိစ္စမှာ အနှုတ်လက္ခဏာဆောင်မှုကတော့ကေ ယင်းကမ္ဘာ့လူဦးရေတိုးပွါးနိန်မှုအများစုရေ ဆင်းရဲရေနိူင်ငံတိမှာ ဖြစ်တည်နိန်ခြင်းလို့ဆိုပါရေ။

လူဦးရေတိုးပွါးမှုနန့်ဆိုင်ရေ အကြောင်းကိစ္စကိုဝေဖန်ခြင်း၊ အကောင်းမြင်ခြင်း၊ အဆိုးမြင်ခြင်း တိုထက် အေဆောင်းပါးမှာ ယင်းနန့်ဆိုင်ရေအချက်အလက်တိကို အပါတ်စဉ်ထုတ်မဂ္ဂဇိန်းတို၊ နိစဉ်ထုတ်သတင်းစာတိထဲကနိန် ထုတ်နှုတ်တင်ပြလားချင်ပါရေ။

● လာဖို့ (၂၀၂၅)ခုနှစ်မှာ ကမ္ဘာ့လူဦးရေ (၈) ဘီလီယံနန့် (၂၀၄၃) ခုနှစ်မှာ (၉) ဘီလီယံ ဟိလာဖို့လို့ ကမ္ဘာ့လူဦးရေနန့် ပထဝီဝင်ပညာသျှင်တိက ခန့်မှန်းထားကတ်ပါရေ။ →

● ကမ္ဘာ့လူဦးရေအများဆုံး (၁၀) နိုင်ငံကတော့ကေ တရုတ်(၁.၃)ဘီလီယံ၊ အိန္ဒိယ(၁.၂)ဘီလီယံ၊ အမေရိကန်(၃၁၀)သန်း၊ အိန်ဒိုနီးသျှား(၂၄၀)သန်း၊ ဘရာဇီး(၁၉၅)သန်း၊ ပါကိစ္စတန်(၁၇၄)သန်း၊ နိုင်ဂျီးရီးယား(၁၅၈)သန်း၊ ဘင်္ဂလာဒေ့ချ်(၁၄၉)သန်း၊ ရာသျှား(၁၄၃) သန်း နန့် ဂျပန်(၁၂၇)သန်းရှိ ဖြစ်ကတ်ပါရေ။

● ကမ္ဘာမှာအချေမွီးဖွါးနှုန်း အမြင့်ဆုံးနိုင်ငံက တော့ ကေအာဖရိကတိုက်က နိုင်ဂျာ (Niger) နိုင်ငံဖြစ်ပြီး ကေအမျိုးသမီးတဦးကို ပျမ်းမျှ (၇.၂) ယောက်နှုန်း မွီးဖွါးပနာ အချေမွီးဖွါးနှုန်းအနည်းဆုံးဖြစ်တေ ဘော့စနီးယားနန့်ဟာဇီဂိုဗီးနား (Bosnia and Herzegovina) မှာ အမျိုးသမီးတဦးကို ပျမ်းမျှ (၁.၂) ယောက်နှုန်းရာ မွီးဖွါးပါရေလှတ်။

● ကမ္ဘာ့လူဦးရေ၏ ၁၉ ရာနှုန်းရေ တရုတ်ပြည် တပြည်တည်းမှာ နိန်ထိုင်နိန်ကတ်စွာပါ။

● ကမ္ဘာ့လူဦးရေ၏ ၃၃ ရာနှုန်းရေ ခရိယံဘာသာကို ကိုးကွယ်ကတ်ပါရေလှတ်။

● ကမ္ဘာ့လူဦးရေ၏ ၅၀.၄ ရာနှုန်းရေ အမျိုးသား လူဦးရေလို့ဆိုပါရေ။

● အေဂုခေတ်မှာ ကမ္ဘာ့လူဦးရေ၏ ၅၀.၅ ရာနှုန်း ရေ မြို့ပြမှာ နိန်ထိုင်နိန်ကတ်ပါရေလှတ်။

● ကမ္ဘာ့လူသားတိ၏ ပျမ်းမျှ အလယ်အလတ် အသက် စွာ (၂၉) နှစ်ပါလှတ်။

● လူဦးရေအများဆုံး ကမ္ဘာ့မြို့ကြီးဆယ်မြို့ကို လူဦးရေအများ–အနည်းအလိုက် စဉ်ပလိုက်ဖို့ဆိုကေ (၁) တိုကျို–ဂျပန် (၂) နယူးဒေလီ–အိန္ဒိယ (၃) ဆော်ပါးလို–ဘရာဇီး (၄) မုမ်ဘိုင်–အန္ဒိယ (၅) မက္ကဆီကို စီတီ–မက္ကဆီကို (၆) နယူးယော့–အမေရိကန် (၇) သျှန်ဟိုင်း–တရုတ် (၈) ကာလကတ္တား–အိန္ဒိယ (၉) ဒါကာ–ဘင်္ဂလာဒေ့ချ် နန့် (၁၀) ကရာချိ–ပါကိစ္စတန် ရှိ့ပင် ဖြစ်ကတ်ပါရေ။

● ကမ္ဘာ့လူဦးရေ၏ ၇၃ ရာနှုန်းစွာ အိန်တာနက်အသုံး မပြုနိုင်ကတ်သိ လို့ ဆိုပါရေ။

တအိမ်ထောင်ကို လူတယောက်ရာ မွီးခွင့်ဟိရေ တရုတ်ပြည်မှာ သားယောကျ်ားတိကို အထူးဦးစားပီးခြင်းကြောင့်ဝေဖန်ခံရရေပိုင် နိုင်ငံလူဦးရေ ကျဆင်းလာရေ ရာသျှားရှိ့ပိုင်နိုင်ငံမှာတော့ကေ အချေအများကြီးမွီးဖွါးရေ အမျိုးသမီးတိကိုအစိုးရက ဖေသာပီးရေ စနစ်မျိုးကိုတောင်ကျင့်သုံးနိန်ရ ပါရေလှတ်။

အသစ်လေ့လာ ဆန်းစစ်၊ တွိဟိမှုတိအရ လွန်ခရေ ဘီစီ ၅၀၀၀၀ (ငါးသောင်း) လောက်မှာ ကမ္ဘာ့လူဦးရေစွာ ၁၀၈ ဘီလီယံလောက်ဟိခရေလို့ ဆိုပါရေ။ ကိုင်ကမ္ဘာဟောင်းမှာဟိခရေလူဦးရေ ၁၀၈ ဘီလီယံဖြတ်မှတ်ကိုအကျွန်ရှိ့ အေနိလူသားတိ ရောက်နိုင်၊ မ ရောက်နိုင်ကိုအသာချေထားလို့–ယင်းတိုးပွါးလာရေ အကျွန်ရှိ့ကမ္ဘာ့လူသားမိသားစုဝင်တိ အတွက်လိုအပ် တေအစားအစာ၊ အမိုးအကာ၊ ဆီးဝါးအစ ဟိစွာတိကို အပြုသဖေါဆောင်စွာဖြည့်ဆည်း၊ ကူညီ၊ ပံ့ပိုးလား ကတ်ရဖို့စွာရေအကျွန်ရှိ့အားလုံးမှာ တာဝန်ဝတ္တရားဟိကတ်ပါကြောင်းနန့် တချိန်တည်းမှာပင် လူသားဆန်သော၊ အချင်းချင်းချစ်ခင်ကြင်နာတတ်သော၊ပံ့ပိုးကူညီတတ်သော၊ လူသားကျင့်ဝတ္တရားများနှင့်ညီမျှသော အနာဂါတ်ကမ္ဘာကြီးကိုတည်ဆောက်နိုင်ကတ်ပါစီကြောင်း ဆုတောင်းဆန္ဒ ပြုပီးလိုက်ပါယင့်။

အားလုံးကျကျန်းမမာ၊ချချမ်းသသာဟိကတ်ပါစီ။

***မောင်သာပေါ် (ရမ်းဗြဲ)***

ကျမ်းကိုး။ Chicago Tribune (Oct 31, 2011); Time (Oct 31, 2011)

● ● ● ● ● ●

**Sources:** ***(အေစာစောင်ပါသတင်းနှင့်အချက်အလက်အချို့ကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)***

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်—စစ်တွေကောလိပ်)

Time Magazine

Oxford Essential Biographical Dictionary

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/



**Jimmy Carter**

**ဂျိမ်မီကာတာ**

(၃၉ ဦးမြောက်အမေရိကန်သမ္မတ)

**မွီးနိ။** ။ အောက်တိုဘာ ၁၊ ၁၉၂၄။

**ဘဝသက်တမ်း။** ။ ၁၉၂၄ –

**မွီးရပ်။** ။ ပလိန်းစ်၊ ဂျော်ဂျီယာပြည်နယ်။

**အမိ။** ။ လီလီယံဂေါ်ဒီကာတာ။

**အဖ။** ။ ဂျမ်းစ်အားလ်ကာတာ စီနီယာ။

**မယား။** ။ ရိုဆာလိန်းစမိသ်ကာတာ။

**သားသမီးများ။** ။ ဂျွှင်၊ ဂျိမ်းစ်၊ ဒေါ်နယ်ဂျက်ဖရီ၊ အေမီ။

**ကောလိပ်/တက္ကသိုလ်။** ။ အနောက်ဂျော်ဂျီယာကောလိပ်၊ ဂျော်ဂျီယာစက်မှုသိပ္ပံ၊ အမေရိကန်ရီတပ်စစ်တက္ကသိုလ်။

**အသက်မွီးအလုပ်အကိုင်။** ။ ပဲခင်းစိုက်သမား၊ တက္ကသိုလ်နည်းပြ၊ စာရွီးဆရာ။

**နိုင်ငံရေးလုပ်သက်။** ။ ဂျော်ဂျီယာလွှတ်တော်အမတ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ သမ္မတ။

**ပါတီ။** ။ ဒီမိုခရက်ထိခ်။


**ဒေသခံပြည်နယ်။** ။ ဂျော်ဂျီယာ။


**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ။** ။ Gerald R. Ford, Eugene McCarthy, Ronald Reagan

**သမ္မတသက်တမ်း။** ။ Jan 20, 1977 မှ Jan 20, 1981 ထိ။

**ဒုတိယသမ္မတ။** ။ ဝါလ်တာမွန်ဒဲလ် (Walter Mondale)


## မြေပုံကြည့်ယက်ပင်းသတင်းဖတ်




အကြီးစားစီးပွါးရေးလုပ်ငန်းနှင့် အစိုးရစီးပွါးရေးဆိုင်ရာမူဝါဒများ ချမှတ်မှုတွင်သူရို့၏လုပ်ဆောင်ကြိုးပမ်းမှုများအတွက်အမေရိကန်သုတေသနသမားများဖြစ်သည့် ထောမာ့စ်ဆာဂျန့်ထ် (Thomas Sargent) နှင့် ခရီ စထိုဖာဆိမ်းစ် (Christopher Sims) ရို့အား ၂၀၁၁ခုနှစ်၏ စီးပွါးရေးဆိုင်ရာနိုဗယ်ဆုပီးအပ်ရန် ရွီးချယ်လိုက်ကြောင်းဖြင့် နိုဗယ်ဖေါင်ဒေးသျှန်းမှ ထုတ်ဖေါ်ပြောဆိုလိုက်သည်။ "အကြီးစားလုပ်ငန်းများနှင့် စီးပွါးရေး ဆိုင်ရာမူဝါဒများချမှတ်လုပ်ဆောင်မှုတွင်လည်းကောင်း၊ အမျိုးသားကုန် ထုတ်လုပ်ငန်းများတိုးတက်မှုပြုလုပ်နိုင်ခြင်းများအတွက်လည်းကောင်း၊အလုပ်လက်မဲ့ပြဿနာဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာများတွင် လည်းကောင်း နည်းနာနိဿယပိုင်းဆိုင်ရာ တိုးတက်မှုပြုလုပ်နိုင်မှု များ" အတွက် ယင်းရို့အားရွီးချယ်လိုက်ခြင်းဖြစ်ကြောင်း နိုဗယ်ဆု ရွီးချယ်ရေးကော်မီတီ ၏ ထုတ်ပြန်ချက်တွင် ဖေါ်ပြထားသည်။

*(ဘန်ကောက်ပို့စ်၊ အောက်တိုဘာ ၁၀)*




အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်မှ အမျိုးသမီးတဦးသည်သူမ၏မိုဘိုင်းဖုန်းအပြောများလားသည့်အတွက်ဖုန်းဘီလ်ဖေသာ အမေရိကန်ဒေါ်လာ နှစ်သိန်းကျော်ကျကြောင်းဖြင့်ဆိုသည်။ ဖလော်ရီဒါသူ စေလီနာအရွန် (Celina Aaron) သည်ဖုန်းအပြောများလွန်းပြီးကနေဒါသို့အပမ်းဖြေခရီးထွက်ရာတွင်လည်းသူမ၏ဖုန်းကိုတောက်လျှောက်ဖွင့်ထားမှုကြောင့်ပြီးခသည့်လအတွက်ဖုန်းဘီလ်သည် အမေရိကန်ဒေါ်လာ ၂၀၁၀၀၅.၄၄ ကျလားသည်။ သို့သော်တီမိုဘိုင်းဖုန်းကုမ္ပဏီအနိန်ဖြင့်ယင်းသျှားပါးဖြစ်စဉ်၌စေလီနာအားဒေါ်လာ ၂၅၀၀ သာ ကျခံစီရန်ဆုံးဖြတ်လိုက်ပြီး ယင်းဖေသာကိုလည်း(၆) လအတွင်းတွင်ပီးဆပ်လားရန် ဖြစ်သည်ဟုဆိုသည်။


*(ဘန်ကောက်ပို့စ်၊ အောက်တိုဘာ ၁၉)*




ကမ္ဘာ့အကြီးဆုံးအိန်တာနက်ဝက်ဘ်ဆိုဒ်တခုဖြစ်သည့် ဂိုးဂိုးလ် (Google) သည် တောင်ပိုင်းဆူဒန်နိုင်ငံအား ယင်း၏ အိန်တာနက်မြီပုံတွင် ထည့်သွင်းလိုက်ဗျာယ်ဖြစ်သည်။ ဝါသျှိန်တန်အခြီစိုက်တောင်ဆူဒန်နိုင်ငံသား စာနယ်ဇိန်းသမားတယောက်မှ အိန်တာနက်တွင် တောင်ဆူဒန်နိုင်ငံသစ်အား ကမ္ဘာ့အဓိက အိန်တာနက်မြီပုံ စာမျက်နှာများတွင် ထည့်သွင်းလားကတ်ပါရန် ဆော်ဩရာမှ ယင်းကိစ္စဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဂိုးဂိုးလ်နှင့်အတူ ယာဟူး(Yahoo)၊ မိုက်ခရိုဆော့ဖ်(Microsoft) နှင့် အမျိုးသားပထဝီဝင်(National Geographic)အိန်တာနက်ဌါနများသို့လည်းတောင်းဆိုထားသည်ဟုဆိုသည်။ ကမ္ဘာ့နိုင်ငံသစ်၏ နိုင်ငံသားများ ကျေနပ်ကြည်နူးကတ်စီ၊ ဂုဏ်ယူဝင်ကြွားနိုင်ကတ်စီဖို့အတွက်ဖြစ်ကြောင်းဖြင့် သူက စကားဆိုသည်။

*(Source: http://www2.macleans.ca// အောက်ထိုဘာ ၁၉)*

## သတင်းဖတ်ပနာမြီပုံကြည့်







တရုတ်ပြည်မိန်မင်းဆက်၏ အနုပညာလက်ရာတခုအား ဟောင်ကောင်တွင်ညလင်တင်ရောင်းချရာဝယ်ယူသူ တဦးမှ အမေရိကန်ဒေါ်လာ (၂၁.၃) သန်းပီးပနာဝယ်ယူလားသည်။ မိန်မင်းဆက် (၁၃၆၈–၁၆၄၄) ကာလအတွင်းတွင်ထုလုပ် သုံးစွဲခသည့်ယင်းပန်းအိုးကိုနာမည်မဖေါ်လိုသူဝယ်ယူသူတဦးမှ တယ်လီဖုန်းဖြင့်စျီးဖြတ်ဝယ်ယူလားခြင်းဖြစ်ပြီးယင်းအနုပညာ ပစ္စည်းအားဆွိစ်သူဌေးဇူလိန်းညီအစ်ကိုများလက်ထဲတွင်ဝယ်ယူသိမ်းဆည်းထားခခြင်းဖြစ်သည်။ကမ္ဘာ့ရှိဟောင်းအနုပညာစျီးကွက်တွင်အလှအပတန်းဆာဆင်ယင်မှုပိုမိုများပြားသည့်တရုတ်ပြည်ကွိုင်မင်းဆက်မှပစ္စည်းများမှာပိုမိုစျီးကောင်းပီးဝယ်ယူမှုခံရလေ့ဟိကြောင်းနှင့်အေဂုမိန်မင်းဆက်မှပန်းအိုးအားဝယ်ယူသည့်စျီးမှာ ကမ္ဘာ့စံချိန်တင်လိုက်ခြင်းဖြစ်သည် ဟုဆိုပါသည်။

(ဘီဘီစီ၊ အောက်ထိုဘာ ၅)





အိန္ဒိယနိုင်ငံတွင် ‘လက်တို့ကွန်ပျူတာ’(touch – screen tablet computer) အမျိုးအစားတခုဖြစ်သည့် အာကာ့ချ်(Aakash)ကိုကျောင်းသားများအတွက် စမ်းသပ်ဖြန့်ချီလိုက်သည်။ဒေလီမြို့တော်၌ပြုလုပ်သည့်ယင်းကွန်ပျူတာဖြန့်ချီပွဲတွင်အိန္ဒိယလူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးကာပီဆီဘားမှအာကာ့ချ်ကွန်ပျူတာအလုံး(၅၀၀)ကို ကျောင်းသားများသို့ဖြန့်ဝီပီးလိုက်ခြင်းဖြစ်သည်။ အိန္ဒိယအစိုးရအနိန်ဖြင့်ယင်းအမျိုးအစားလက်တို့ကွန်ပျူတာအလုံးတသိန်းကိုကျောင်းသားများသို့ဖြန့်ဝီလားမည်ဖြစ်ပြီးလာမည့်နှစ်အနည်းချေအတွင်းတွင် ကွန်ပျူတာ(၁၀)သန်းခန့်ဖြန့်ချီလားမည်ဟုဆိုသည်။ အဆိုပါကွန်ပျူတာများကိုယူနိုက်တက်ကိန်းဒမ်းအခြီစိုက် Datawind နှင့် အိန္ဒိယနည်းပညာသိပ္ပံ (Indian Institute of Technology) ရှိမှ ပူးပေါင်းထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ကျောင်းသားများသုံးစွဲရန် အဓိကရည်ရွယ်သည့် ယင်းကွန်ပျူတာတလုံး၏စျီးနှုန်းမှာ အမေရိကန်ဒေါ်လာ(၃၅)ဖြစ်ရာ ကမ္ဘာတွင်စျီးအနည်းဆုံး လက်တို့ကွန်ပျူတာ အမျိုးအစားဖြစ်သည်ဟု ဆိုပါသည်။

(ဘီဘီစီ၊ အောက်ထိုဘာ ၅)




ယူကရိန်းနိုင်ငံကီယက်ဗ်မြို့တော်တွင် ပရိတ်သတ် (၇၀၀၀၀ – ခုနစ်သောင်း) ကန်သည့် ဘောလုံးအားကစားကွင်း တကွင်းအား ယူကရိန်းသမ္မတ ဗိတာယာနိုကိုဗိချ်နှင့် ကိုလံဘီယာပေါ့ပ်အဆိုတော်သျှာကီရာရို့ပူးတွဲဖွင့်လှစ်လိုက်ကတ်သည်။ ယူကရိန်းသမ္မတမှပြောဆိုရာ၌ယူကရိန်းသည် အားလုံးအတွက်လမ်းဖွင့်ထားပါကြောင်း၊ ယူကရိန်းတွင်စီးပွါးရေးလုပ်ငန်းများလုပ်ကိုင်နိုင်ကြောင်းကို ယင်းဘောလုံးကွင်းဖွင့်ပွဲမှနမူနာအဖြစ်ပြသလိုက်ခြင်းဖြစ်ကြောင်းဖြင့် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားလားသည်။ ယူရို၂၀၁၂ပွဲစဉ်များအား ပိုလန်နှင့်ယူကရိန်းနိုင်ငံများအိမ်သျှင်အဖြစ်လက်ခံကျင်းပစဉ်နောက်ဆုံးချန်ပီယံလုပွဲစဉ်ကိုယင်းဘောလုံးကွင်းတွင်ကဇါပ်လားမည်ဖြစ်သည်ဟုဆိုသည်။ *(ဘီဘီစီ၊ အောက်ထိုဘာ ၈)*

*(စာမျက်နှာ ၁၇ မှ အဆက်)*




ဂရိတ်ဗြိတိန်နိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသမီးဝန်ကြီးချုပ်နှင့်၂၀ရာစု၏သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်တဦးဖြစ်ခဲ့သူ မာဂရက်သက်ချာ(Margaret Thatcher)ကိုဗြိတိန်၏လိန်ကိန်းသျှိုင်းယား(Lincolnshire)အရပ်၊ ဂရန်ထမ်(Grantham)တွင် ၁၉၂၅ခုနှစ်အောက်တိုဘာ လ ၁၃ ရက်နိုတွင် ဖွါးမြင်ခဲ့သည်။

မာဂရက်သက်ချာသည်ကျောင်းသူဘဝမှစ၍ခင်ဆားဗေးထိပါတီ(Conservative) ၏ တက်ကြွလှုပ်ရှားသူတဦးဖြစ်လာပြီး ၁၉၆၇ခုနှစ်တွင် အဆိုပါပါတီ၏ လွှတ်တော်အမတ်တဦးဖြစ်လာခဲ့ လိသည်။ သူမသည် ဝန်ကြီးချုပ် ဟိသ်(Heath) ၏ လက်အောက်တွင်ဗြိတိန်နိုင်ငံ၏ ပညာရေးဝန်ကြီးအဖြစ် ၁၉၇၀ မှ ၁၉၇၄ခုနှစ်အတွင်းတာဝန်ထမ်းဆောင်ခဲ့ ပြီး ၁၉၇၅ ခုနှစ်တွင် ခင်ဆားဗေးထိပါတီ၏ အကြီးအကဲအဖြစ် ဝင်ရောက်အရွေးခံရာ ဟိသ် ကိုအနိုင်ရယူပြီးနောက် မာဂရက်သက်ချာသည်ဗြိတိန်နိုင်ငံ၏အထင်ကရပါတီကြီးတခုတွင် ပထမဦးဆုံးသောအမျိုးသမီးခေါင်းဆောင်တဦး ဖြစ်လာခဲ့လိသည်။

ယင်းသို့ဖြင့်မာဂရက်သက်ချာဦးဆောင်သည့်ခင်ဆာဗေးထိပါတီသည် ၁၉၇၉ခုနှစ်မေလတွင်ပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်တွင် အမတ်နေရာ(၄၄)နေရာအသာစီးဖြင့်လူများစုအနိုင်ရယ်ကာဗြိတိန်အစိုးရကိုဦးဆောင်လိသည်။ ယင်းသို့ဖြင့်ပထမဦးဆုံးသော အမျိုးသမီးဝန်ကြီးချုပ် မာဂရက်သက်ချာဦးဆောင်သည့် ခင်ဆားဗေးထိပါတီအစိုးရသည်၁၉၈၃ခုနှစ်ရွေးကောက်ပွဲတွင်လည်းအမတ်နေရာ (၁၄၄) နေရာဖြင့် ဒုတိယသက်တမ်းအဖြစ် လူများစုအနိုင်ရယ်ပြီး ၁၉၈၇ခုနှစ်တွင်လည်း တတိယအကြိမ်မြောက်အဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခြင်းခံရပြန်ပါသည်။

လူလတ်တန်းစားမိသားစုမှဆင်းသက်လာခဲ့ပြီး လူလတ်တန်းစားများကိုလည်းကိုယ်စားပြုသော၊ မြို့အငယ်ချေနောက်ခံမှလာသော၊ နိုင်ငံရေးလောက၌အစဉ်အလာမဟိသော၊ လွတ်လပ်ပွင့်လင်းဟန်ဟိပြီး အလုပ်ကြိုးစားသော၊ ဂရုစိုက်စောင့်ရှောက်တတ်သူဖြစ်သော၊ ပုဂ္ဂလိက ဆိုင်ရာ တာဝန်ကျိုပွန်တတ်သူတဦးဖြစ်သော မာဂရက်သက်ချာ ကို ဆိုသျှယ်ဒီမိုခရက်များက မနှစ်သက်လှပါချေ။ ဘဇောင်ပင်ဆိုစီ မာဂရက်သက်ချာ၏ ပြည်တွင်းပြည်ပဆိုင်ရာမူဝါဒများကို ခင်ဆားဗေးထိ နှင့် လေဘာပါတီဝင်များကပါသဖေါ်ကျထောက်ခံမှုများ၊ များစွာ ရဟိခဲပါသည်။ စီးပွါးရေးလုပ်ငန်းများကို ပိုမိုလွတ်လပ်စွာလုပ်ကိုင်ခွင့်ပီးထားမှု၊ တင်းကျပ်သောအခွန်စည်းကမ်းများဖြင့် ငွေကြီးဖေါင်းပွခြင်းကိုထိမ်းချုပ်ထားဟိမှု၊ အကောက်ခွန်လျှော့ချကောက်ခံမှု၊ အစိုးရအသုံးစရိတ်လျှော့ပေါ့မှုနှင့်နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲမှုရို့ကဲသို့သော မူဝါဒများမှာ မာဂရက်သက်ချာ၏ ခင်ဆားဗေးထိအစိုးရအားအောင်မြင်မှုရစီသည့်မူဝါဒများပင်ဖြစ်ကတ်ပါသည်။

နိုင်ငံခြားရေးရာမူဝါဒ ချမှတ်မှုဆိုင်ရာ၌လည်း အနောက်ဖက်သို့ပိုယိုင်သည့်မူဝါဒကိုချမှတ်ခပြီး ယင်းအချိန်က အမေရိကန်သမ္မတများဖြစ်ကတ်သည့် ရော်နယ်ရီဂိင်(Ronald Reagan)၊ ဂျော့ဘုရှ်(George Bush) ရို့နှင့် အတိုင်းအတာတခုထိရင်းနှီးစွာ ဆက်သွယ်ဆောင်ရွက်မှုများပြုခပါသည်။ယင်းအပြင်မာဂရက်သက်ချာသည်၁၉၈၂ခုနှစ်တွင်ဖေါက်ကလန်ကျွန်း အရေးအခင်းဖြစ်ပွါးရာ အာဂျင်တီးနားနှင့် ဆင်နွှဲသည့်စစ်ပွဲတွင် အနိုင်ရရေးဦးဆောင်နိုင်ခဲ့သူ အမျိုးသမီးဝန်ကြီးချုပ်လည်း ဖြစ်ပါသည်။



***(စစ်ဖက်သုံးတင့်ကား မောင်းနှင်သည့် မာဂရက်သက်ချာ)***

၁၉၉၀ တွင် ဥရောပငွေကြေးစနစ်ထဲ၌ ဗြိတိန်အနိန်ဖြင့် လုံးဝဉသုံထည့်သွင်းပါဝင်မှုကိုပြုလုပ်လားမည့်မူဝါဒတရပ်ချမှတ်ရာတွင်သူမ၏ပါတီထဲမှပင်အတိုက်အခံများပေါ်ပေါက်လာခဲ့ပြီး ယင်းနှစ်ထဲတွင်ပင် မာဂရက်သက်ချာသည် ဝန်ကြီးချုပ်ရာထူးမှအနားယူကာသူ့အားဂျွင်မေဂျာ (John Major) မှ ဆက်ခံခဲ့လိသည်။ ဘဇောင်ပင်ဆိုစီ မာဂရက်သက်ချာသည် ဗြိတိန်နှင့် အနောက်ကမ္ဘာ၏ အောင်မြင်သောအမျိုးသမီးဝန်ကြီးချုပ်တဦး၊ ကမ္ဘာ့အမျိုးသမီးထု၏ ပြယုဂ်ခေါင်းဆောင်တဦးပင်ဖြစ်ပါလိသည်။

◆ ◆ ◆ ◆



သီယိုဒိုရုစဗဲ့ (Theodore Roosevelt) ကိုချမ်းသာသည့် ဒတ်ချ်(Dutch) မိသားစုမှ ၁၈၅၈ခုနှစ်၊အောက်တိုဘာလ ၂၇ ရက်နိတွင် အမေရိကန်ပြည်ထောင်စု၊ နယူးယော့မြို့၌ မွေးဖွါးခဲ့သည်။ သူသည် ဟားဗာ့ (Harvard) ကောလိပ်မှ ၁၈၈၀ခုနှစ်တွင်ဘွဲ့ရယူခဲ့ပြီး ယင်းနှစ်ထဲတွင် ပင်အဲလိစ်အိတ်ချ်လီ (Alice H. Lee) နှင့်လက်ထပ်သည်။ လေးနှစ်အကြာ ၁၈၈၄ခုနှစ်တွင် သီယိုဒိုရုစဗဲ့၏ အမိနှင့်မယားရို့သည်နာရီပိုင်းသာခြားပြီး ဗြိုဆင့်၊ နောက်ဆင့်ဆုံးပါးလားကတ်လီသည်။သို့သော်နောက်ထပ်(၂)နှစ်ကျော်အကြာတွင်သီယိုဒိုသည်အက်ဒိကာရိုး(Edith Carow) ခေါ် အမျိုးသမီးနှင့် ဒုတိယအိမ်ထောင်ပြုသည်။

၁၈၈၀ကျော်နှစ်များအတွင်း ရုစဗဲ့သည် နိုင်ငံရေးတွင်ပါဝင်ပါက်သက်လာပြီးစာများလည်းရှိးသည်။ ၁၈၈၂–၁၈၈၄ခုနှစ်များအတွင်းနယူးယော့လွှတ်တော်တွင်ဝင်ရောက်တာဝန်ထမ်းဆောင်ပြီး ***လွှတ်လပ်သောရီဖါဗလီကန်***တဦးအဖြစ်လူသိများသည်။သူသည်နယူးယော့ဟိအလုပ်လုပ်သူလူတန်းများအကျိုးပြုဥပဒေများကိုချမှတ်ဆောင်ရွက်၏။ထိုနောက် ရုစဗဲ့သည်တောင်ပိုင်းဒါကိုတာပြည်နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများလားရောက်လုပ်ကိုင်သည်။ (၂)နှစ်ခန့်ကြာပြီးနောက် နယူးယော့သို့ပြန်လာပြီးနယူးယော့မြို့တော်ဝန်အဖြစ်ဝင်ရောက်အရွှေးခံသည်။မြို့တော်ဝန်အဖြစ်အရွေးမခံရသော်လည်း ၁၈၈၀ကျော်နှောင်းပိုင်းနှစ်များတွင်ရုစဗဲ့၏ စာပီနှင့် သမိုင်းဆိုင်ရာ စာရှိးသားခြင်းများမှာ များစွာအသျှိန်ရ တိုးတက်လာခ လီသည်။

သို့ဖြင့်နောက်ထပ်ဆယ်စုနှစ်တစုခန့်အကြာတွင်ရုစဗဲ့၏နိုင်ငံရေးစန်းပွင့်လာလတ်ပါသည်။၁၈၈၉ခုနှစ်တွင်သမ္မတ ဘိန်ဂျမန်ဟယ်ရီဆန်မှသူ့အားလူမှုဝန်ထမ်းကော်မသျှိန်နာအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၈၉၅ခုနှစ်တွင်မူနယူးယော့မြို့ပုလိပ်ဌါန၏အကြီးအကဲဖြစ်လာပြီး ၁၈၉၈ခုနှစ်တွင်နယူးယော့ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ရီဖါဗလီကန်ပါတီကိုယ်စားလှယ်အဖြစ်ဝင်ရောက်အရွှေးခံရာ ရွှေးကောက်ပွဲတွင်အနိုင်ရဟိသည်။ နယူးယော့ပြည်နယ် အုပ်ချုပ်ရေးမှူးသက်တမ်းကာလသည်ရုစဗဲ့အားဝါသျှိန်တန်တွင် တာဝန်ထမ်းဆောင်ရန် အဆင်သင့်ပြင်ဆင်မှု ရဟိစီလီသည်။

ယင်းသျှောင်ဖြင့်အောင်မြင်သည့်နိုင်ငံရေးလုပ်

သက်အင်တန်ဟိလာဗျာယ်ဖြစ်သော ရုစဗဲ့အား သမ္မတမက္ကိန်လေမှ ၁၉၀၀ပြည့်နှစ်ရွှီးကောက်ပွဲတွင် သူ့ရွှီးကောက်ခံဖက် ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းလိုက်လီသည်။ ယင်းနှစ်နိုဗမ်ဘာလရွှီးကောက်ပွဲတွင်မက္ကိန်လေနှင့်ရုစဗဲ့ရို့အတွဲရွှီးကောက်ပွဲတွင်အနိုင်ရဟိပြီး သီယိုဒိုရုစဗဲ့သည် အမေရိကန်ပြည်ထောင်စု၏ဒုသမ္မတတဦးဖြစ်လာခလီသည်။

၁၉၀၁ခုနှစ်၊စက်ထမ်ဘာလတွင်သမ္မတ မက္ကိန်လေလုပ်ကြံသတ်ဖြတ်ခြင်းခံရရာဒုသမ္မတဖြစ်သူရုစဗဲ့သည်သမ္မတဖြစ်လာခပြီး ၁၉၀၄ခုနှစ်တွင်မူ သူ၏ဒုတိယသမ္မတသက်တမ်းအတွက်ထပ်မံရွှီးကောက်ခံရသည်။ ရုစဗဲ့၏ပထမသမ္မတသက်တမ်းတွင်မက္ကိန်လေ၏မူဝါဒများကိုသစ္စာဟိဟိဆက်လက်အကောင်အထည်ဖေါ်ခြင်းများကိုအဓိကထားလုပ်ဆောင်ပြီး ၁၉၀၄ခုနှစ်ရွှီးကောက်ခံရအပြီးတွင်မူသူ့ကိုယ်ပိုင်မူဝါဒများချမှတ်အကောင်အထည်ဖေါ်ခြင်း၊ တရားဥပဒေဆိုင်ရာပြဋ္ဌါန်းခြင်းများကိုအားအင်ဟိဟိလုပ်ဆောင်ခလီသည်။သူ့သမ္မတသက်တမ်းအတွင်းအဓိကလုပ်ဆောင်ချက်များမှာအလုပ်သမားများဆိုင်ရာအငြင်းပွါးမှုများအားဖြေသျှင်းပီးခြင်း၊ သတ္တုတွင်းလုပ်ငန်းပိုင်သျှင်များအားသတ္တုတွင်းများနိုင်ငံပိုင်ပြုလုပ်ရေးကိုခြိမ်းခြောက်လျှက်သင့်တင့်လျှောက်ပတ်သည့်မူဝါဒများကိုချမှတ်စီခြင်း၊ ရီသွင်းရီထုတ်လုပ်ငန်းများကိုကြီးကြပ်ဆောင်ရွက်ခြင်း၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို အထူး အလီးပီး ကာကွယ်ထိမ်းသိမ်းရေးအားတင်းကျပ်သောဥပဒေများထုတ်ပြန်၍လည်းကောင်း၊ အများပြည်သူရို့အားပညာပီးလုပ်ဆောင်မှုများဖြင့်လည်းကောင်းဂရုပြုဆောင်ရွက်ခလီသည်။ *(ဂရိန်းကိန်ယွန်ဒေသတွင်ဟိုတယ်၊ မိုတယ်များ မဆောက်လုပ်ရန်၊ယင်းသဘာဝအလှအပအမွီအနှစ်များကိုနောက်မျိုးဆက်များအတွက် အဟိအတိုင်းထိမ်းသိမ်းကာကွယ်လားရန်သီယိုဒိုရုစဗဲ့ပြောကြားသည့်မိန့်ခွန်းတရပ်ကိုအကျွန်နားထောင်ဖူးပါသည်။အဓိပ္ပါယ်ပြည့်ဝလွန်းသည့်မိန့်ခွန်းဖြစ်သည့်အတွက်အလျှဉ်းသင့်ပါကဘာသာပြန်ဆိုဖေါ်ပြလားရန်ကြိုးစားပါမည်။ စကားချပ်။)*

စာမျက်နှာ ၈ သို့ →

## စာစဉ်မှာယူလိုလျှင်

အေသတင်းစဉ်ဝယ်ယူအားပီးလိုသူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဉ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိူင်ကတ်ပါသည်။ အထူးကျေးဇူးတင်ပါသည်။

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

☎ ၅၁၅–၃၂၆–၄၆၂၂

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃–၄၁၄–၂၈၁၃

*ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)*

☎ ၄၁၂–၄၀၃–၇၈၂၂

ကို ခိုင်မင်းဇံ (ဘာဖဲလို)

☎ ၇၁၆–၃၀၈–၃၅၆၆

*ကို ဆန်းလှိုင် (မီဝါကီ)*

☎ ၄၁၄–၄၈၄–၅၇၃၈

ဂိုးချေ (ယူတား)

☎ ၈၀၁–၅၁၂–၁၀၃၆

*ကို ကျော်သိန်း (မီဇူရီ)*

*ဖုန်း ၈၁၆–၂၉၄–၈၄၅၁*

ကို စောသိန်းမောင် (ချီကာဂို

☎ ၆၃၀–၇၄၆–၈၀၈၃





# ကလိန်တန်၏ ကွိုထိယရှိုတိုးတက်စီဖို့



***(အမျိုးသမီးများသည် "ပါဝင်ဆောင်ရွက်ရေးခေတ်" ဖြစ်သည့် ၂၁ ရာစု၌ ကမ္ဘာ့စီးပွားရေး၏ မဟိမဖြစ်သည့်အခန်းကဏ္ဍသို့ရောက်ဟိနိန်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟေလာရီကလိန်တန်က လွန်ခသောရက်သတ္တပတ်အတွင်း ပြုလုပ်ကျင်းပခသည့် နိုင်ငံစုံညီလာခံတခုတွင် မိန့်ခွန်းပြောကြားလားပါသည်။ ယင်းနှင့်ပါက်သက်၍ နယူးစ်ဝိခ်ဂျာနယ်မှ အောက်ပါအတိုင်း ပြန်လှန်မိန်းမြန်းစောကြောထားပါသည်။)***

*မိန်း။ ။ အရီး (မိ(စ်) ကလိန်တန်) နိုင်ငံခြားရေးဝန်ကြီးဖြစ်လာရေခါ အရီး၏အထူးတာဝန်တရပ်သည် ကမ္ဘာ့အမျိုးသမီးထု၏ ဘဝအရည်အသွီးကိုမြှင့်တင်ဖို့ပင်ဖြစ်တေလို့ ပြောခပါရေမနား။ ဂုလက်ဟိ သုံးနှစ်တာကြာပြီးရေနောက်မှာ အရီးအနိန်နန့် ဇာတိုးတက်မှုတိတွို့ဟိရရေဆိုစော်ကို ပြောပြပါဗလင်။*

ဖြေ။ ။ လူ့ဦးရေထက်ဝက်ကျော်လောက် နောက်မှာကျကျန်ခရေ လူ့အဖွဲ့အစည်းတရပ်သည် တခုပိုင်လေ့မတိုးတက်နိုင်ပါ။ အမျိုးသမီးထုရေ ပညာရေးနန့် ကျန်းမာရေးအထောက်အပံ့ကို လုံလုံလောက်လောက်ရနိုင်ရေဆိုကေ၊ ပြီးနာ ကိုယ်ပိုင်စီးပွားရေးနန့် ဆုံးဖြတ်ချက်တိကို လွတ်လွတ်လပ်လပ် ကိုယ်တိုင်ကိုယ်ကျ ဖန်တီးပိုင်ခွင့်ဟိလာကေ အပြောင်းအလဲတခုခုဖြစ်လာနိုင်ဗျလ်ဆိုစော် အကျွန်ရို့တွို့မြင်ပြီးသားပင်ဖြစ်ကတ်ပါရေ။ နိုင်ငံခြားရေးဝန်ကြီး တယောက်အနိန်နန့်အကျွန် အမျိုးသမီးများ၏ အခွင့်အရေးမြှင့်တင်ဖို့ကိစ္စကိုအကျွန်ရို့နိုင်ငံခြားရေးရာမူဝါဒမှာအရေးကြီးရေ အစိတ်အပိုင်းတခုအဖြစ်တင်သွင်းဖို့ကြိုးစားနီပါရေ။ အကျွန်ရို့ အမျိုးသမီးထုစော် အိုဘားမားအစိုးရ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရှင်သန်ကြီးထွားမှုရဟိဖို့အတွက်အဓိကဇတ်ကောင်တိ ဖြစ်ပါရေ။အနာဂတ်ကာလမှာ မီးဖိုဂျောင်သန့်သျှင်းရေးကအစ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးဖြိုဆောင်မှုကိစ္စတိအဆုံး အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ဖို့အတွက် အကျွန်ရို့ မမ တိပါဝင်နိုင်ဖို့လိုအပ်ပါရေ။ ယေဒါလေ့ အခြေခံကျရေ စောင့်သျှောက်၊ ကူပံ့မှုတိမပီးခကေ အမျိုးသမီးထုစော် သူ့ရို့မှာဇာပိုင် အရည်အချင်းတိဟိရေဆိုစော်ကို သိနိုင်လီဖို့မဟုတ်ပါ။ စစ်မြီပြင် (သို့မဟုတ်) ပဋိပက္ခဖြစ်ပွားနီရေနိန်ရာတိမှာ အမျိုးသမီးအများစုရို့ မတော်မတရားပြုကျင့်ခံရမှုကိုလျှော့ချနိုင်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ဖို့ အမေရိကန်အစိုးရ၏ ကိုယ်စားလှယ်တဦးကိုလည်း ခန့်အပ်ထားဟိလိုက်ဗျလ်ဖြစ်ပါရေ။ အမျိုးသမီးလူထုရို့လုံခြုံမှု၊ငြိမ်းချမ်းမှုနန့် တန်းတူညီမျှမှုရို့အကျိုးသက်ရောက်မှုကိုသေချာစီဖို့အတွက်အမျိုးသားလုပ်ဆောင်ချက်အစီအမံ(National Action Plan)တရပ်ကိုလည်း နိုင်ငံတော်အစိုးရက မကြာခင်မှာပင်ချမှတ်လုပ်ဆောင်လားဖို့ဖြစ်ပါရေ။ ဥပမာ အာဖဂန်နိစတန်နိုင်ငံမှာဆိုကေ အမျိုးသမီးလူထု၏ အခွင့်အရေးနန့်အသားပီးမှုတိကို အရေးကြီးဆုံး သံတမန်ရေးရာတရပ်အဖြစ် အဆိုတင်သွင်းပြီးဖြစ်ပါရေ။

> ***လူ့ဦးရေထက်ဝက်ကျော်လောက် နောက်မှာကျကျန်ခရေ လူ့အဖွဲ့အစည်းတရပ်သည် တခုပိုင်လေ့မတိုးတက်နိုင်ပါ၊***

*မိန်း။ ။ ကမ္ဘာ့စီးပွားရေးရာဖိုရမ်၏စစ်တမ်းအရ နိုင်ငံပေါင်း ၁၃၄ နိုင်ငံထဲမှာကျား/မတန်းတူညီမျှရေး ဆိုင်ရာအဆင့် (၁၉)ကိုရာချိတ်နိုင်ရေ အမေရိကန်ပြည်ထောင်စုအနိန်နန့်အခြားနိုင်ငံတိကို 'အမျိုးသမီးလူထုကို လုပ်ပိုင်ခွင့်ပီးရေး' မူဝါဒရေးရာ နန့် ပတ်သက်လို့ စည်းရုံးသိမ်းသွင်းပြောဆိုရာမှာ ဇာပိုင်ခက်ခဲမှုတိတွို့ရလေ ဆိုစော်ကိုလေ့ သျှင်းပြပီပါဗလင်။*

ဖြေ။ ။ ပပွင့်လလင်းပြောရဖို့ဆိုကေ အကျွန်ရို့ပြည်တွင်းမှာအမျိုးသမီး၊ မ မ ချေအခွင့်အရေးနန့် လုပ်ပိုင်ခွင့်ပီးရေးအတွက် လိုအပ်တေ အရင်းအမြစ်စုစည်းမှုတိ၊ အစီအစဉ် အကောင်အထည်ဖော်မှုတိကို ဆက်တိုက်လုပ်ဆောင်နိန်ကတ်တေအတွက် နိုင်ငံရပ်ခြားမှာ ညှိနှိုင်းပြောဆိုရရေခါ ယင်းချင့်တိရေ အကျွန့်ကို အများကြီး အထောက်အပံ့ဖြစ်စီပါရေ။ အမေရိကမှာယင်းကိစ္စနန့်ပါက်သက်လို့ လုပ်စရာ၊ကိုင်စရာတိ အများကြီး ကျန်နိန်သိစွာလည်း အမှန်ပင်ဖြစ်ပါရေ။ တပြိုင်နက်တည်းမှာပင် အမေရိကန်အမျိုးသမီးတိရေ နိုင်ငံရေးပိုင်းဆိုင်ရာမှာပြည့်ဝစွာ၊ မျှတစွာလုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့်ကို တရားဝင်ပိုင်ဆိုင်ခွင့်ဟိပါရေ။ ပညာသင်ကြားခွင့်၊ စီးပွားရေးလုပ်ငန်းတိလုပ်ကိုင်နိုင်ခွင့်နန့် ဘဝအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချပိုင်ခွင့်တိကိုလေ့ ခွင့်ပြုပြီးသားပင်ဖြစ်ပါရေ။ ယေဒါလေ့သွင့် အခြား

ကမ္ဘာ့နိုင်ငံအမြောက်အများမှာ အမျိုးသမီးတိရေ ဒေပိုင်အခွင့်အရေးနန့် လုပ်ပိုင်ခွင့်တိဆုံးယှုံးနိန်စော်တိကိုတွိ့မြင်ရပါရေ။ ရုံဖန်ရုံခါဆိုရေပိုင် ခွဲခြား ဆက်ဆံခြင်းခံကတ်ရမှူ၊ ကျေးကျွန်အဖြစ် ရရက်စစက် ဇါတ်သွင်းခံကတ်ရ မှူတိလေ့ ဟိပါသိရေ။ အရိုးယှင်းဆုံးပြောရကေ သူရို့တိရေ မိမိမှာဟိရေ လုပ်နိုင်စွမ်းပကားတိကို သိဟိခွင့်လေ့မရ၊ မိမိနိန်ထိုင်ရေပတ်ဝန်းကျင်ကို လေ့ အကျိုးပြုခွင့်မရကတ်တေ လူသားအမျိုးသမီးတိရာဖြစ်ပါရေ။ သူရို့၏သက်ဆိုင်ရာအခွင့်အရေးနန့် လုပ်ပိုင်ခွင့်တိအတွက် ရပ်တည်ပီးဖို့ အကျွန်ရို့မှာတာဝန်ဟိပါရေ။

*မိန်း။ ။ အရီး (မိ(စ်)ကလင်တန်)ရေ ဒေရက်ပိုင်းအတွင်း အာရပ်အုံကြွမှုလှိုင်းမတိုင်ခင် အရှိအလယ်ပိုင်းဒေသကို လားရောက် လည်ပတ်ခီရေလို့သိရပါရေ။ အမေရိကားအနိန်နန့် ယင်းဒေသ၏ အစိုးရ အာဏာပိုင်အလွှာထဲတိထဲမှာ အမျိုးသမီးတိကို နိန်ရာပီးဖို့အတွက် တောင်းဆိုနိုင်ရေအင်အား တစုံတရာဟိရေလို့ယူဆပါလား။*

ဖြေ။ ။ ဒေအခိုက်အတန့်ရေ မြောက်အာဖရိက နန့် အရှိအလယ်ပိုင်း ဒေသကလူတိ အတွက်ဖြစ်နိုင်စွမ်းတိအများဆုံးဖြစ်တည်ရေ အချိန်ပင်ဖြစ် ပါရေ။ အကျွန်ရို့အနိန်နန့် ဘလိုင်းကြီးဝင်လားပြီးနာ ဒီမိုခရက်ထိ(ခ်) သဖောဆန်ရေ ပြုပြင်ပြောင်းလဲမှုတိလုပ်ဖို့လားပြောလို့မရပါ။ ယေဒါလေ့ သွင့် အကျွန်ရို့မှာဟိရေ အမျိုးသမီးတိအတွက် လုပ်ပိုင်ခွင့်အာဏာပီးပုံပီး နည်း အတွိ့အကြုံတိကိုတော့ခါ ဝီမျှပီးလို့ရပါရေ။ အကျွန်ဇာနိန်ရာကိုပင် လားလား၊ အထူးသဖြင့် မြောက်အမေရိက နန့် အရှိအလယ်ပိုင်းဒေသ တိကို လားရေအခါ အစိုးရတာဝန်ဟိပုဂ္ဂိုလ်တိနန့်ရာမဟုတ်ဘဲ သက်ဆိုင် ရာလူ့အဖွဲ့အစည်း(ပြည်သူတိ)၊ စီးပွားရေးလုပ်ငန်းသျှင်တိ၊ လူငယ်ထုတိ၊ အမျိုးသမီးတိနန့်လည်း တွိဆုံဆွေးနွေးခွင့်ရဖို့အမြဲတမ်းကြိုးစားဖြစ်ပါရေ။ ပြီးနာ အကျွန့်အနိန်နန့် ဒေစကားတခွန်းကိုလေ့ ထုတ်ဖော်ပြောဖို့ ကြိုးစားပါရေ–"အမျိုးသမီးထုရို့တိုးတက်ကေ လူ့အဖွဲ့အစည်းကိုလေ့ အကျိုးအမြတ် ဖြစ်ထွန်းစီရေ" ဆိုစွာကိုပါ။

*မိန်း။ ။ အကယ်ဒန်ဒီး အရီး (မိ(စ်)ကလင်တန်)အနိန်နန့်နိုင်ငံခြားရေး ဝန်ကြီးဌါနကအနားယူပြီးရေနောက်ပိုင်းမှာလေ့သွင့် ဒေကမ္ဘာ့အမျိုးသမီး ထု၊ မမပျိုငယ်ချေတိ၏ ဘဝကိုမြှင့်တင်ပီးရေးလုပ်ငန်းစဉ်တိမှာပါဝင်ရေခါ နိုင်ငံ့ထိပ်သီးသံတမန်ဟောင်းတယောက်အဖြစ်နန့် ဆိုကေ ပိုလို့ထထိရ ရောက်လုပ်နိုင်ဖို့လို့ခံစားမိပါလား။*

ဖြေ။ ။ အကျွန်ဘဝ နန့် အလုပ်တလျှောက်လုံးမှာ အကျွန်ရေဇာနိန်ရာ က ပင်ဖြစ်ဖြစ် အမျိုးသမီးတိနန့်အချေတိကို ထောက်ပံ့ကူညီနိုင်ဖို့ ကြိုး စားခပါရေ။ ပြီးနာ နိုင်ငံခြားရေးဝန်ကြီးတယောက်အနိန်နန့်ကျပြန်ခါလေ့ အကျွန်ရေကံကောင်းထောက်မလို့ ဒေကိစ္စအတွက်ကိုယ်အား စိတ်အား စိုက်ဗျာလ် လုပ်ပိုင်ခွင့်ရပါရေ။ ပဇာကြောင့်လဲဆိုကေ အမျိုးသမီးထုကို လုပ်ပိုင်ခွင့်တိ ပီးအပ်လိုက်ခြင်းရေ အကျွန်ရို့အားလုံး၏ဖွံ့ဖြိုးရေးနန့် သံ– တမန်ရေးရာ ရည်မှန်းချက်တိအောင်မြင်ဖို့အတွက် ကကောင်းအရေး ပါနိန်လို့ပင်ဖြစ်တေ။ အကျွန်ဒေရာထူးက အနားယူလားသည့်တိုင် အမျိုး သမီးထုနန့်အချေသူငယ်ထုအနိန်နန့် သူရို့အပေါ် ဖုရားသခင်ပီးအပ်ထား ရေ အရည်အချင်းတိကိုသူရို့ကိုယ်တိုင်သိမြင်၊နားလည်ဗျာလ် အသုံးချနိုင်ဖို့ နည်းလမ်းတိကိုဖြာဖွီယက်ပင်း သူရို့တိကိုစဉ်ဆက်မပြတ်ကူညီ၊ ထောက် ပံ့မှုတိ လုပ်ဆောင်လားဖို့ဖြစ်ကြောင်း ပြောလိုက်ပါရစီ။

**နီ ‌ေတာက်ကြယ်**

*(Newsweek magazine (September 26, 2011) မှ Clinton's Cause ကို ဘာသာပြန်ဆိုပါသည်။)*

◆ ◆ ◆ ◆ ◆ ◆ ◆

## ကလောင်သွီးကတ်ပါ

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်*** သို့ စာမူများပီးပို့နိုင်ကတ်ပြီး စာစောင်တွင် ပုံနှိပ်ဖော် ပြရန် ရွီးချယ်ခံရပါက အဆိုပါစာမူ ပီးပို့သူတိုင်းအား 'နိုင်ငံတကာရေးရာသတင်းစဉ်' တစောင်စီကို အသိအမှတ်ပြုလက်ဆောင်အဖြစ် (အမေရိကန်ပြည်ထောင်စု အတွင်းတွင်) ပီးပို့လားမည် ဖြစ်ပါသည်။
အမေရိကန်ပြည်ထောင်စုပြင်ပမှဆိုပါက စာအုပ်အပြည့်အစုံကို **E-Mail** မှတဆင့် ပီးပို့လားမည်ဖြစ်ပါသည်။
ကျေးဇူးတင်ပါသည်။



**'နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်' ဝယ်ယူအားပီးသူများ၊ ကူညီဖြန့်ချီပီးသူများ နှင့် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းအား အထူးကျေးဇူးတင်ဟိကြောင်း မှတ်တမ်းတင်အပ်ပါသည်။**

"အကျွန်ုပ်မှာ စိတ်ကူးစိတ်သမ်း အခု တထောင် လောက် ဟိပြီးကေ ယင်းရို့ထဲက တခုလောက်ရာ ကောင်းကောင်း မွန်မွန် အကောင် အထည် ပေါ်လာ ဖို့ ဆိုကေ အကျွန် ကျေနပ် ပျော်ရွှင် လှ ပါဗျာယ်"

*အဲလ်ဖရက်နိုဗယ်*

# အောက်ထိုဘာလဖွါးကမ္ဘာ့ဂေါင်းဆောင်ကြီးများ

*(အေဂုလ အတ္တုပ္ပတ္တိကဏ္ဍ တွင် အောက်ထိုဘာလဖွါး အထင်ကရပုဂ္ဂိုလ်များထဲမှ မဟတ္တမဂန္ဒီ၊ အဲလ်ဖရက်နိုဗယ်၊ မာဂရက်သက်ချာ နှင့် သီယိုဒိုရူစဗဲ့ ရို့၏ ဘဝအကျဥ်းများကို ပြုစုဖေါ်ပြလိုက်ပါသည်။)*




**"မဟာနှလုံးသား (ပိုင်သျှင်)"** ဟု နာမည်ရသည့် ၂၀ ရာစု၏ အကြီးကျယ်ဆုံးသော အမျိုးသားဂေါင်းဆောင်များထဲတွင် တဦးအပါအဝင်ဖြစ်သူ 'ဂန္ဒီ' ကို ၁၈၆၉ ခုနှစ်၊အောက်တိုဘာလ (၂) ရက်နိတွင် မွီးဖွါးခသည်။ ဂန္ဒီ၏ ဖခင်သည် ဒေသဆိုင်ရာအကြီးအကဲ၏ အတွင်းဝန်တဦး ဖြစ်ခသော်လည်း ဟိန္ဒူဇာတ်ခွဲခြားမှုစနစ်အရ ကုန်သည် မျိုးရိုးတန်းဝင်များ ဖြစ်ကတ်ပြီး 'ဂန္ဒီ' ဟူသည်မှာ 'ကုန်ခြောက်သည်' ဟု အဓိပ္ပါယ်ရကြောင်းဆိုပါသည်။ မိခင်မှာ ဂျိန်းဘာသာဝင်တဦးဖြစ်ပြီး သက်သတ်လွတ်စားကာ အကြမ်းမဖက်ခြင်းကို သက်ဝင်ယုံကြည်၊ အားပီးသူတဦး လည်းဖြစ်သည်။

ဂန္ဒီနှင့် ဂန္ဒီ၏အိမ်ထောင်ဖက်နှစ်ယောက်စလုံး အသက်(၁၃)နှစ်ရာဟိကတ်ချိန်များတွင် မိဖများ၏စီစဥ်မှုဖြင့် သမက်တက်ဖြစ်ကတ်ပြီး သူ၏အသက်(၁၈)နှစ်အရွယ်တွင် အိန်ဂလန်သို့လားရောက်၍ ဥပဒေပညာသင်ယူမှုပြုလီသည်။ ၁၈၉၁ခုနှစ်တွင် အလုပ်သင်ဟြိုနီတဦးဖြစ်လာပြီး ဘုံဘေမြို့ (အေဂု မုံဘိုင်မြို့) တွင် ဟြိုနီအတတ်ပညာကို လက်တွိကွင်းဆင်းမှုပြုလီသည်။ထိုနောက် ၁၈၉၃ ခုနှစ် မှ ၁၉၁၄ ခုနှစ်များအတွင်းတွင် တောင်အာဖရိကအခြီစိုက် အိန္ဒိယဥပဒေပြုလုပ်ငန်းရပ်တခုတွင် ဝင်ရောက်လုပ်ကိုင်သည်။

တောင်အာဖရိကတွင် ဟြိုနီတာဝန်ထမ်းဆောင်နိန်သည့်ယင်းကာလများအတွင်း၌ အသားအရောင်၊ မျိုးရိုးဇာတိကိုလိုက်၍ခွဲခြားဆက်ဆံခံရသည့် အတွိအကြုံများပေါ်တွင်အခြီခံသည့် ခါးသီးသောခံစားမှုများကို ဟြိုနီပေါက်စ ဂန္ဒီ၏ရင်ထဲတွင် သိုမှီးကြီးထွါးဖြစ်ပြီးသည်နောက် သူသည် ယင်းလူလူချင်းခွဲခြားဆက်ဆံသည့်ဝါဒအပေါ် နှလုံးသားနှင့်ဦးနှောက်ကပါ ရောယှက်ဆန့်ကျင်သူတဦး ဖြစ်လာခလီသည်။ သို့ဖြင့်ဟောပြောပွဲများတွင် ဦးဆောင်ဟောပြောခြင်း၊ ချီတက်ဆန္ဒပြပွဲများတွင်ဦးဆောင်ခြင်း၊ တရားရုံးများတွင် လျှောက်လဲမှုများမှတဆင့် မကြာမတင် မီမှာပင်ဂန္ဒီသည် တောင်အာဖရိကဟိ အိန္ဒိယနွယ်ဖွါးများ၏ ရှိတန်းတိုက်ပွဲဝင်တဦးဖြစ်လာပြီး သူ၏ အကြမ်းမဖက် အနုနည်းဖြင့်အာဏာဖီဆန်ရေးဝါဒ 'စကြာဂရဟ' မှာလည်း လူသိများလာခလီသည်။

၁၉၁၅ခုနှစ်တွင် ဂန္ဒီသည် အိန္ဒိယသို့ပြန်လာပြီး နောက်နိုင်ငံတွင်းဟိ အလုပ်သမားလှုပ်သျှားမှုများတွင် ဝင်ရောက်ဆင်နွဲလီသည်။ ၁၉၁၉ ခုနှစ်တွင်ဖြစ်ပွါးသည့် ဆန္ဒပြသမားသတ်ဖြတ်ပွဲ၏အတွိအကြုံမှတဆင့် ဂန္ဒီသည်နိုင်ငံရေးဆိုင်ရာလှုပ်သျှားမှုတွင် ဒါရိုက်ပါဝင်လာခပြီး အိန္ဒိယ အမျိုးသားကွန်ဂရက်ကိုဦးဆောင်လျှက် ဗြိတိသျှအစိုးရ၏ ဆားခွန် စသည့်အခွန်များကို ပီးဆောင်ရန်ငြင်းဆန်ခြင်း၊ ဗြိတိသျှကုန်ပစ္စည်းများကို သပိတ်မှောက်ခြင်း စသည့် ကိစ္စရပ်များကိုစည်းရုံးလှုံ့ဆော်မှုပြုလုပ်လီသည်။



*(ကိုယ်တိုင် အဝတ်အထည် ရက်လုပ်နိန်သည့် ဂန္ဒီ)*

ဗြိတိသျှအစိုးရမှ ဂန္ဒီကို ထောင်သွင်းအကျဥ်းချမှုများပြုလုပ်ခသော်လည်း နောက်ဆုံးတွင်ပြန်လွှတ်ပီးရသည်။ သူသည်ကိုယ်ထူကိုယ်ထ စနစ်ကို သက်ဝင်လုပ်ဆောင်သူတဦးဖြစ်ပြီး သူဝတ်မည့်အဝတ်အထည်များကို သူကိုယ်တိုင် ရက်လုပ်သူဖြစ်သည်။ သူသည်အိန္ဒိယနိုင်ငံအားစက်မှုနိုင်ငံ တခုအဖြစ်ထူထောင်လိုသူများနှင့် သဖေါထားဆန့်ကျင်သူတဦးပင်ဖြစ်ခ သည် ဟုဆိုပါသည်။

The Arakan International

နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

**ရက္ခိုင့်လူ့အဖွဲ့အစည်း အကြံပြုသတင်းစဉ် ဖြစ်ပါသည်။**


**Editors Group:**

Oo Thein Maung

Lwon Pi

Ni Tauk Kray

**ဆက်သွယ်ရန်လိပ်စာ**

1107 S Washington St.
Wheaton, IL 60189
U.S.A.

☎1-630-682-3616 (Home)

☎1-630-956-3382 (Cell)

theai2011@hotmail.com


တန်ဖိုး ၇ ဒေါ်လာ

၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ

၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ

၁ နှစ်စာ ၇၀ ဒေါ်လာ

# ကျူးဘား

## (Cuba)







သက္ကရာဇ်၁၄၉၂ခုနှစ်၊ခရီစထိုဖါကိုလံဘတ် စတင်ရောက်ဟိချိန်၌ ကျူးဘားကျွန်းစုသည်အေရာဝ့်၊ စိုင်ဘာနီအစဟိသည့်အိန္ဒိယန်းလူမျိုးများနိန်ထိုင်လျှက်ဟိသောဒေသဖြစ်ပေသည်။ စပိန်ကိုလိုနီလက်အောက်ခံနိုင်ငံဖြစ်ခပြီး ၁၈၉၈ ခု၊ ဒီဇိမ်ဘာ(၁၀)ရက်နိတွင်လွတ်လပ်ရေးရဟိသည်။၁၉၂၅ခုနှစ်မှစ၍ကျူးဘားသည်ဂျီရာဒိုမာချာဒိုနှင့်ဘာတိစတာရို့ကဲသို့သောအာဏာသျှင်များ၏လွှမ်းမိုး၊ကြီးစိုးမှုများအောက်တွင်တလှည့်စီ ဟိနိန်ခသည်။ ဖီဒယ်ကတ်စထရိုဂေါင်းဆောင်သည့်ကွန်မျူနိပြောက်ကျားများသည် ဘာတိစတာအစိုးရတပ်များကို အနိုင်ရကာ၁၉၅၉ခုနှစ်မှစ၍ တပါတီစနစ်ဖြင့်နိုင်ငံကိုအုပ်ချုပ်နိန်ခြင်းဖြစ်ပေသည်။ ၁၉၆၂ ခုနှစ်တွင်ဆိုဗီယက်ပြည်ထောင်စု၏ နျူကလီးယားထိပ်ဖူးတပ် ဒုံးပျံများကိုကျူးဘားတွင်ဖြန့်ချရန်စီစဉ်မှုပြုလုပ်ရာ အမေရိကန်နှင့်ဆိုဗီယက်ရို့ကြားတွင် အတင်းမာဆုံးသော ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပြီး ‘ကျူးဘား ဒုံးပျံအရေးအခင်း’ (Cuban missile crisis) ဟူ၍ ၂၀ ရာစု၏ ထင်သျှားသောကမ္ဘာ့သမိုင်းဖြစ်ရပ်များတွင် တခုအပါအဝင်ဖြစ်ခပါသည်။ ကျူးဘားနိုင်ငံသည်ကာရိဘီယံဒေသတွင်အကြီးဆုံးသောကျွန်းစုနိုင်ငံဖြစ်ပြီး အမေရိကတိုက်၏ တခုတည်းသော ကွန်မျူနိနိုင်ငံလည်း ဖြစ်သည်။

**တရားဝင်အမည်။** ။ ကျူးဘားသမ္မတနိုင်ငံ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၀၂

**မြို့တော်။** ။ ဟာဗားနား။

**လူဦးရေ။** ။ ၁၁.၃ သန်း

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၂၆၄ ယောက် (၁ စတုရန်း ခီလိုမီတာ လျှင် ၁၀၂ ယောက်)

**အကျယ်အဝန်း။** ။ ၄၂၄၈၃ စတုရန်းမိုင် ( ၁၁၀၈၆၀ စတုရန်း ခီလိုမီတာ)

**ပြောဆိုသည့်ဘာသာစကား။** ။ စပိန်။

**ကိုးကွယ်သည့်ဘာသာ။** ။ ဘာသာမဟိသူ ၄၉ ရာနှုန်း၊ ရိုမန်ခက်သလိ ၄၀ ရာနှုန်း၊ ဖုရားမယုံကြည်သူ၆ရာနှုန်း၊ ပရိုတက်စတိန့်၁ ရာနှုန်း၊အခြား ၄ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ (လူဖြူ ၆၆၊ ရောနှော ၂၂၊ လူမည်း ၁၂) ရာနှုန်း။

**အစိုးရ။** ။ တပါတီစံနစ်။

**ငွေကြေးယူနိ။** ။ ၁ ကျူဘန်ပီဆို လျှင် ၁၀၀ စိန်တာဗို။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၉၇ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၂၆၄၃ ခယ်လိုရီ။

**ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ**



**အောက်တိုဘာလ (၂၀)ရက် နိက ကွယ်လွန်အနိစ္စရောက်လားသည့် ရခိုင်သမိုင်းသုတေသီ ဦးရွှေဇံအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနဲကြီကွဲရပါသည်။ ဆရာကြီး ဦးရွှေဇံ ကောင်းရာသုဂတိလားပါလီစီ။**

***နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်***

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၀၈ ဘီလီယံ သို့ (မောင်သာပေါ် – ရမ်းဗြဲ) | ၁ |
| အယ်ဒီတာ့စကား | ၂ |
| အောက်တိုဘာလ | ၃ |
| အောက်တိုဘာလရက်စဉ်ကမ္ဘာ့သတင်းများ | ၄–၇ |
| မြီပုံကြည့်ယက်ပင်းသတင်းဖတ်၊ သတင်းဖတ်ပနာမြီပုံကြည့် | ၁၀–၁၁ |
| ကလိန်တန်၏ ကွိုထိယရို့ တိုးတက်စီဖို့ (နီတောက်ကြယ်) | ၁၄ |
| အောက်ထိုဘာလဖွါး ကမ္ဘာ့ဂေါင်းဆောင်ကြီးများ | ၁၆ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၈ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကျူးဘား နိုင်ငံ | ၂၀ |



အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။